မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာပေပညာရှင်များ၊ စာပေလောကသားများသည် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးကြသူများဖြစ် အနာဂတ်မီဒီယာနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်

ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မှာကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ''ကဒူးမမှ မော်ဖသို့''စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် မောင်ဆွေသက်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂

ယနေ့ မိမိတို့နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်ကူးပြောင်း တည်ဆောက်နေပြီဖြစ်ကြောင်း၊ ထိုသို့ကူးပြောင်းရာတွင် စာပေ၊ စာနယ်ဇင်းနှင့် ပတ်သက်၍လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကြား ဖြစ်ပေါ်ခဲ့သည့် စာပေစာနယ်ဇင်းဆိုင်ရာ သမိုင်းသင်ခန်းစာများကို သုံးသပ်၍လည်းကောင်း၊ နိုင်ငံတော်၏ ပကတိအရှိတရားများကို အခြေခံ၍သော်လည်းကောင်း၊ အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာ၏ မီဒီယာဆောင်ရွက်မှုများကို လေ့လာသုံးသပ်၍လည်းကောင်း စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

ဝိုင်းဝန်းပူးပေါင်း

ယင်းသို့ အကောင်အထည်ဖော်ရာတွင် စာပေပညာရှင်များ၊ စာပေလောကသားများသည် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးကြသူများဖြစ်ရာ အနာဂတ်မီဒီယာနယ်ပယ်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် မေ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကမ်းနားဟိုတယ်၌ ကျင်းပသည့် နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲ အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မှာကြားသည်။

မိမိတို့နိုင်ငံ၌ တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုသည့်၊ အသိပညာအမျိုးမျိုးကို ပေးနိုင်သည့် ဘာသာရပ်ဆိုင်ရာ စာအုပ်အမျိုးပေါင်း (၄၀၀၀)ကျော် နှစ်စဉ်ထွက်ရှိနေပြီး ပုံနှိပ်ထုတ်ဝေသော အုပ်ရေအားဖြင့် သန်းနှင့်ချီ၍ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း။

နှစ်စဉ်ချီးမြှင့်

ယင်းစာအုပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်က အမျိုးသားစာပေဆုအတွက် (၁၄)ဆု၊ စာပေဗိမာန်စာမူဆုအတွက် (၁၂)ဆုကို ပထမ၊ ဒုတိယနှင့် တတိယအားဖြင့် (၃၆)ဆု နှစ်စဉ် ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ စာအုပ်နှင့်စာမူ စုစုပေါင်း (၅၀)ကို မိမိတို့အနေဖြင့် နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိကြောင်း။

ဤနေရာတွင် စာပေကို ချစ်မြတ်နိုးသည့်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို လိုလားသည့် ဆရာဝန်တင်ရွှေမိသားစုက ပုဂ္ဂလိကစာပေဆုအဖြစ် '' ဆရာဝန်တင်ရွှေစာပေဆု''ကို စေတနာသန့်သန့်ဖြင့် ဖော်ဆောင်ပေးခဲ့သည်ကို တွေ့ရပါကြောင်း၊ ယခု နဝမအကြိမ်တိုင် စာပေဆုချီးမြှင့်နိုင်ရန် စီမံဆောင်ရွက်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်တင်ရွှေစာပေဆုကို ယခုကဲ့သို့ နှစ်စဉ် အစဉ်အလာမပျက် ချီးမြှင့်နိုင်အောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၃ ❖

(၆၅)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါး

မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး သင့်လေးသင့်ပြင် အစဉ်ရှိနေသည်

သတင်းဆောင်းပါး – တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂

မီးသတ်တပ်ဖွဲ့ကို ၁၀၄၄ ခုနှစ် ပုဂံမင်းလက်ထက်ကစတင် ဖွဲ့စည်းခဲ့သည်ဟု သမိုင်းမှတ်တမ်းများတွင် လေ့လာတွေ့ရှိရပါသည်။ ၎င်းနောက် မီးသတ်တပ်ဖွဲ့များကို ခေတ်အဆက်ဆက် ဖွဲ့စည်းလာခဲ့ရာ ပိုမိုစနစ်ကျသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ၁၉၄၆ ခုနှစ်တွင် အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။ မေ ၅ ရက်တွင် (၆၅)နှစ်တင်းတင်း ပြည့်မြောက်တော့မည်ဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ရောက်ရှိ သတင်းရယူခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

အထပ်မြင့်အဆောက်အအုံမှ မီးဘေးအန္တရာယ် ကြုံတွေ့နေရသူများအား ကယ်တင်ခြင်းပြကွက်ကို တွေ့ရစဉ်။

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

တရုတ်နိုင်ငံမှ နာမည်ကြီး ရော့ခ်တီးဝိုင်း နှစ် (၃၀)ပြည့် အထိမ်းအမှတ်ဖျော်ဖြေ။ (စာ – ၁၀)

ချယ်လ်ဆီးတို့ မျှော်လင့်ချက် ပြန်လည်ရှင်သန်လာပြီ။ (စာ – ၁၁)

အမေရိကန် သရုပ်ဆောင် ဝီလ်စမစ် သားဖြစ်သူ ဂျာဒန်နှင့် ပူးတွဲ သရုပ်ဆောင်မည်။ (စာ – ၁၀)

3-5 (01).pmd 1 5/3/2011, 3:49 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၃ ရက်)

မွေးကင်းစကလေးငယ်ကျန်းမာရေး ပြည်သူများဝိုင်းဝန်းပါဝင်ကူညီ

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးရည်မှန်းချက် အောင်မြင်စေရန် ကျန်းမာရေး မူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက် အမှတ်(၄)ဖြစ်သော ကလေးသေဆုံးမှု ကျဆင်းရေးအတွက် မွေးကင်းစကလေး နာမကျန်းမှုများ၊ သေဆုံးမှုများကို လျှော့ချနိုင်ရန် မွေးကင်းစကလေးစောင့်ရှောက်မှု အရည်အသွေးကို မြှင့်တင်နိုင်ရေး အလေးထား ဖော်ဆောင်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသမီးနှင့်ကလေးကျန်းမာဖွံ့ဖြိုးရေးဌာနစိတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မွေးကင်းစကလေး စောင့်ရှောက်မှု ကွန်ရက်ထူထောင်ရေးအစည်းအဝေးကို ဧပြီ ၂၉ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် မိခင်များ၊ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေးများအပါအဝင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်ရန်ရည်ရွယ်ပြီး မိခင်နှင့်ကလေး(မွေးကင်းစအပါအဝင်)ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိသည်။

မွေးကင်းစကလေးငယ် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိကြသူများသည် မွေးကင်းစကလေး ကျန်းမာရေးကဏ္ဍနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို သိရှိနေရန် လိုအပ်ပေသည်။

ထို့အပြင် မွေးကင်းစကလေး စောင့်ရှောက်မှုကွန်ရက် ထူထောင်ရေးအတွက် မိခင်နှင့်မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်လျက်ရှိကြသူများ အတူတကွ ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန်လည်း အရေးကြီးပေသည်။ အဆိုပါကွန်ရက်ဖွဲ့စည်းခြင်းဖြင့် မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုများကို တညီတညွတ်တည်း ပိုမိုဆောင်ရွက်နိုင်ပြီး အကောင်းဆုံးကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အောင်မြင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူများကပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးသုံးပစ္စည်းများ ကွတ်ခိုင်မြို့နယ်၌လှူဒါန်း

နေပြည်တော် မေ ၂

ကျန်းမာရေးသုံးပစ္စည်းများလှူဒါန်းပွဲကို ဧပြီ ၂၈ ရက်က ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ လှူဒါန်းပွဲတွင် ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ကောင်းခါးပြည်သူ့စစ်အဖွဲ့က လှူဒါန်းသော သွားစိုက်ခုံတစ်စုံ၊ ရှမ်းရွှေလီသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်က လှူဒါန်းသော ချွဲစုပ်စက်တစ်လုံး၊ ကောင်းခါး ပြည်သူ့ဆေးရုံအတွက် ရွှေနှင်းမှုန်သတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်က လှူဒါန်းသော ချွဲစုပ်စက် တစ်လုံး၊ နမ့်ဖတ်ကာ ပြည်သူ့ဆေးရုံအတွက် ဒေါ်ရော်ရင်ကြည်က လှူဒါန်းသော ချွဲစုပ်စက်နှစ်လုံးနှင့် သားဖွားခန်း မီးဆလိုက်တစ်စုံတို့ကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ဆွေးနွေးမှာကြား

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ တာမိုးညဲ၊ မန်ဟီးရိုး၊ မုံးကိုး၊ ပန်ဆိုင်းမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းပေးရန်၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လားရှိုး၊ ပန်ဝိုင်၊ နားဖန်း၊ ပန်ဆန်း၊ မိုင်းမော မြို့နယ်အုပ်ချုပ်ရေးမှူးများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လှည်းကူး၌ အသိပညာပေးဟောပြော

လှည်းကူး မေ ၂

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သုတေသနနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ဆန်းနှင့် ဓာတ်ခွဲခန်းတာဝန်ရှိသူများက ဝက်နားရွက်ပြာရောဂါ အပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့်အချက်များကို ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

ပြန်လည်ဆွေးနွေး

အဆိုပါအခမ်းအနားတွင် မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံမွေးမြူရေး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝက်သားအရောင်းဒိုင်များ၊ရောင်းဝယ်သူများက ဝက်နားရွက်ပြာရောဂါနှင့်စပ်လျဉ်း၍ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် မွေး /ကု)**

တောင်ငူမြို့ (၁၁)လမ်းနေ ဒုတိယရဲမှူး မြင့်လွင် (ငြိမ်း)အား ရည်စူး၍ ကွယ်လွန်ခြင်း တစ်လပြည့်အထိမ်းအမှတ် ကုသိုလ်ဒါနအဖြစ် ကျန်ရစ်သူဇနီး ဒေါ်ယဉ်ယဉ်လှနှင့် သားသမီး၊ မြေးတစ်စုတို့က တောင်ငူမြို့ ဇီးဖြူပင်သာသနာ့ရိပ်သာနှင့် ရပ်ကွက်ဓမ္မာရုံတို့သို့ အလှူငွေကျပ် တစ်သိန်းစီကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၅)

ငါးသိုင်းချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၈ ရက်က မြို့နယ်တာဝန်ခံ ဦးရဲထွန်းဦး၊ စခန်းမှူး ဦးကျော်ဝင်း၊ ဈေးမိဈေးဖများ၊ မြို့နယ်မီးသတ်တပ်ရင်းမှူး ဦးတင်ထွန်းနှင့်တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသစဉ်။
(မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆု ချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ "နောင်တကင်းရာသို့" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေ စာပေဆုရရှိသည့် နန္ဒာသိန်းဇံအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်က စာပေဆုများကို နိုင်ငံတော်အဆင့် ချီးမြှင့်သကဲ့သို့ ပုဂ္ဂလိက အဖွဲ့အစည်းများဖြစ်ကြသည့် ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု၊ သုတစွယ်စုံစာပေဆုတို့ကလည်း စာပေဆုများကို နိုင်ငံတော်နှင့်အတူ နှစ်စဉ်စာပေလောကအတွက် တစ်ထောင့်တစ်နေရာက ပူးပေါင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း။

လှူဒါန်း

၂၀၁၀ ခုနှစ်က ပခုက္ကူဦးအုံးဖေ စာပေဆုနှင့်စပ်လျဉ်း၍ ပခုက္ကူမြို့သို့ ရောက်ရှိခိုက် တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့စဉ် ပခုက္ကူ ဦးအုံးဖေစာပေဆုကို ရေရှည်ပိုမိုကျယ်ပြန့်စွာ ချီးမြှင့်နိုင်ရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက်သွားရန် မိမိအနေဖြင့်အကြံပြုခဲ့ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများ တိုင်ပင်ဆွေးနွေးပြီး ပခုက္ကူဦးအုံးဖေ စီစဉ်ခဲ့သော ပခုက္ကူစာပေဆုအဖြစ် ပြောင်းလဲ၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြရာ အလှူရှင်များကလည်း အလှူငွေများကို လှူဒါန်းလျက်ရှိကြောင်း။

ဆရာဝန်တင်ရွှေ စာပေဆုအနေဖြင့်လည်း ရန်ပုံငွေတစ်ရပ် ထူထောင်ကာ ရေရှည်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ရေး အကြံပြုတိုက်တွန်းလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားနှင့် ဆရာဝန်တင်ရွှေ၏ စာပေအပေါ်ထားရှိသည့် စိတ်နေစိတ်ထား သဘောထားများကို ပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆုရစာအုပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "ကဒူးမမှ မော်ဖသို့" စာအုပ်ဖြင့် ဆုရရှိသည့် မောင်ဆွေသက်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက "နောင်တကင်းရာသို့" စာအုပ်ဖြင့် ဆုရရှိသည့် နန္ဒာသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က "မျိုးပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး(ပေါင်းချုပ်)" စာအုပ်ဖြင့် ဆုရရှိသည့် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က Knowledgeable Facts about Myanmar Traditional Culture and Heritage စာအုပ်ဖြင့် ဆုရရှိသည့် မောင်ခိုင်ဇော်တို့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရစာရေးဆရာများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာကြီးဦးသော်ကောင်းအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့- အဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေ မိသားစုများနှင့် ဆုရ စာရေးဆရာများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆရာဝန်တင်ရွှေ စာပေဆုကို မြန်မာစာပေတွင် နိုင်ငံသားတို့အတွက် အသိအမြင် ဗဟုသုတတိုးပွားစေသော စာအုပ်စာပေများ ပွားများရေးအားပေးရန်၊ ထိုသို့အားပေးရာတွင် နှစ်စဉ် စာအုပ်၊ စာမူ တစ်မျိုးမျိုးကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်နှင့် မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်းကူညီရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၁ခုနှစ်မှစတင်၍ ဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလက်ဆောင်များပေးအပ်

ဆရာဝန်တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်က ဆရာဝန်တင်ရွှေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာကြီး ဦးသော်ကောင်းအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် ဦးမြင့်ဟန်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တင်သွင်းသည့် ပြစ်မှုအထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ ဆရာတော်အရှင်နန္ဒဝံသ ဟောကြားတော်မူသောတရားတော်
- ၆:၄၀ ထုထည်ကြီးမားထင်ရှားဇေကန် ဓမ္မရုံ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၀)
- ၈:၄၅ Legendary Journey Live at Singapore (Part-1)
- ၉:၄၀ Cartoon Show Time (The Dolphin Story of a dreamer)
- ၁၀:၂၅ မြတ်သောအလှူကုသိုလ်ယူ ရတနာမွန်ကျောင်းဆောင်ကြီးနှင့် ပဗ္ဗဇ္ဇအလှူ
- ၁၀:၄၀ Celebrity Style (ဝါဆိုမိုးဦး)
- ၁၁:၀၀ သင်ကြားရေးလမ်းညွှန် (LCCI ဦးအောင်နိုင် စာရင်းကိုင်သင်တန်း)
- ၁၁:၂၀ Activities in the City (အခြေခံပညာကာယပညာဆရာ၊ ဆရာမများ၏ သက်ကြီးပူဇော်ပွဲ)
- ၁၁:၃၅ New V.Rohto မျက်ကြည် မျက်စဉ်းဆေး ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနား
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ အက်စစ်မိုး- Acid Rain (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ သန်းထွဋ်)
- ၁၂:၃၅ ထာဝရရှင်သန်ဖူးပွင့်နေမည် သာသနာ့ဥယျာဉ်
- ၁:၀၀ ဆရာတော်အရှင်နန္ဒဝံသ ဟောကြားတော်မူသောတရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Dualtech ၏ ကမ္ဘာ့အမှတ်အများဆုံးစွမ်းဆောင်မှု
- ၂:၅၀ အနာဂတ်အတွက် လမ်းပြမီးအိမ်
- ၃:၀၅ **ရန်ကုန်မြင်ကွင်းကျယ်** (Yangon Expo 2011 ပြပွဲမှ Naing Group အရောင်းပြခန်း)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၂)
- ၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၀)
- ၅:၀၀ Nibban ၏ လှုပ်ရှားမှုပုံရိပ်များ
- ၅:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Spectrum International School ဖွင့်ပွဲ)
- ၅:၂၅ စာအုပ်ပြခန်း (ရှက်ရှက်မှာဖြစ်သောကင်ဆာ အပါအဝင် အခြားကင်ဆာရောဂါဆောင်းပါးများ စာအုပ်ရေးသူ ဒေါက်တာ စိုးလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း) (အပိုင်း-၁)
- ၅:၅၀ **မိုးဇက်** ဒီနေ့နဲ့မနက်ဖြန်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၃)
- ၇:၁၀ Legendary Journey Live at Singapore (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Celebrity Choice (ဥက္ကာဦးသာ၊ ရှင်ဖုန်း)
- ၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၁)
- ၁၀:၁၅ အနုပညာမိုးကောင်းကင်
- ၁၀:၃၅ ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာမ-မစန္ဒာ) (စာပေနှင့် ရသ)
- ၁၁:၀၅ MRTV- 4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့် ပတ်သက်သော ရောဂါများအကြောင်း)
- ၁၁:၃၅ **လောကရဲ့ အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
- ၁၁:၅၀ World of Knowledge (Engineering connection! Millau Sky Bridge)
- ၁၂:၄၀ သဘာဝကပေးသော လက်ဆောင်များ
- ၁၂:၄၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
- ၁:၁၀ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁:၂၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဂျိုကာနှင့် တွေ့ဆုံခြင်း)
- ၁:၄၅ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
- ၂:၁၀ Shooting Location (ကီလီ-၆)
- ၂:၂၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
- ၂:၄၅ စွမ်းအင်တို့ရဲ့ နှီးစက် (ကခုန်ခြင်းနှင့် အားကစား)
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ နယ်ဥဆန်းထွင် ပန်းအလှဆင် (လခြမ်းပုံသဏ္ဍာန် ပန်းအိုးထိုးနည်း)
- ၄:၂၅ ပြင်ဦးလွင်သို့ အလည်တစ်ခေါက်
- ၄:၃၅ ပုညာရာမ မိုးကုတ်ဝိသုဒ္ဓါရုံ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာသတင်းများ

အင်ဒီဗားအာကာသယာဉ်လွှတ်တင်ရေး မေ ၈ ရက်ထက် စောမည်မဟုတ်ဟုဆို

ဝါရှင်တန် မေ ၂

အမေရိကန်အာကာသလွန်းပြန်ယာဉ် အင်ဒဲဗား၏ နောက်ဆုံးအာကာသခရီးစဉ်မှာ မေ ၈ ရက်ထက်စောပြီး လွှတ်တင်နိုင်မည်မဟုတ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။ **(ဓါတ်ပုံ)**

နာဆာ၏ (၂၅)ကြိမ်မြောက်နှင့် နောက်ဆုံး ခရီးစဉ်ဖြစ်သည့် ယင်းအင်ဒဲဗားလွန်းပြန်ယာဉ်ပျံသန်းမှုကို မူလက ဧပြီ ၂၉ ရက်တွင် လွှတ်တင်ရန်ဖြစ်သော်လည်း ယာဉ်အတွင်းရှိ အကူပါဝါယူနစ်မှ ဟီတာ(အပူပေးစနစ်) တစ်ခုချွတ်ယွင်းမှုဖြစ်ခဲ့၍ လွှတ်တင်ရေးကို ဆိုင်းငံ့ခဲ့ရသည်။

မေ ၂ရက်တွင် ပြန်လည်လွှတ်တင်ရန် စီစဉ်ပြီးနောက် ချွတ်ယွင်းသည့် ပြစ်ချက်များကို အင်ဂျင်နီယာများက ပြန်လည်ပြင်ဆင်ခဲ့ရာ ပြဿနာမှာ ခန့်မှန်းသည်ထက် ပို၍ခက်ခဲနေသဖြင့် ကနဦးအစီအစဉ်လည်း ပျက်ခဲ့ရသည်။

ယခု လွှတ်တင်မည့် အင်ဒဲဗားလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် သွားရောက်ချိတ်ဆက်မည်ဖြစ်ပြီး ကမ္ဘာမြေသို့ အာကာသအတွင်းမှ လာမည့် ကောစမစ်ရောင်ခြည်များကို သုတေသနပြု လေ့လာစူးစမ်းမည် ဖြစ်သည်။ **(အင်တာနက်)**

ဒိုမီနီကန်နိုင်ငံရှိ လေဆိပ်တွင် ကိုကင်းများတွေ့ရှိ

ဆန်တိုဒိုမီဂို မေ ၂

ဒိုမီနီကန်သမ္မတနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုကင်း ကီလိုဂရမ် ၇၀ ကို လုံခြုံရေးအဖွဲ့ဝင်များက မေ ၁ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။

ခရီးသည်များ နားနေဆောင်တွင် ယင်းမူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဥရောပနှင့် အမေရိကနိုင်ငံများသို့တင်ပို့မည့် မူးယစ်ဆေးဝါးများကို ဒိုမီနီကန်ရှိလေဆိပ်၊ ဘူတာရုံစသည့် သယ်ယူပို့ဆောင်ရေးနေရာများအား မှောင်ခိုလမ်းကြောင်းအဖြစ် မူးယစ်ဂိုဏ်းများက အသုံးပြုကာ တင်သွင်းကြခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ဒိုမီနီကန်အစိုးရသည် အမေရိကန်မူးယစ်တိုက်ဖျက်ရေးဌာနနှင့် လက်တွဲပြီး နိုင်ငံတွင်း မူးယစ်ဆေးဝါးစစ်ဆင်ရေးများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

အိုစမာဘင်လာဒင် ပါကစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးတစ်ရပ်၌ သေဆုံး

အစ္စလမ္မာဘတ် မေ ၂

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သည် မေ ၂ ရက် နံနက်က ပြုလုပ်သော အမေရိကန်တပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ရပ်တွင် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထိုနေ့နံနက်က အိုစမာဘင်လာဒင် သေဆုံးသတင်း ထွက်ပေါ်လာပြီး ပါကစ္စတန်သမ္မတ အာဆစ်ဖ်အလီဇာဒါရီက အရေးပေါ်အစည်းအဝေးခေါ်ယူပြီးနောက် ထုတ်ပြန်ခဲ့သောကြေညာချက်၌ အဆိုပါစစ်ဆင်ရေးတွင် ပါကစ္စတန်စစ်တပ်ပါဝင်ပတ်သက်ခြင်းမရှိကြောင်း အတည်ပြုပြောကြားလိုက်သည်။

ဖြစ်စဉ်မှာ မေ ၂ ရက် (တနင်္လာနေ့) နံနက်စောစောတွင် အမေရိကန်အထူးတပ်ဖွဲ့တစ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာရှိ တောင်တန်းများအကြား စစ်ဆင်ရေး ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆင်ရေးမှာ နှစ်နာရီကြာမျှ ပြုလုပ်ခဲ့ရပြီး အမေရိကန်အထူးတပ်ဖွဲ့၏ စစ်ဆင်မှုကြောင့် အိုစမာဘင်လာဒင်နှင့်အတူ ၎င်း၏သားတစ်ဦးနှင့် နောက်လိုက်သုံးဦး သေဆုံးခဲ့ကြောင်း၊ ဘင်လာဒင်၏ ကလေးခြောက်ဦး၊ ဇနီးနှစ်ဦးနှင့် ၎င်း၏မိတ်ဆွေလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်ဆင်ရေးတွင် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ကာ လေယာဉ်မှူး သေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ၎င်းနေရာသို့ အမေရိကန်စစ်ဘက်ရဟတ်ယာဉ်နှစ်စင်း ရောက်ရှိလာပြီး အိုစမာဘင်လာဒင်၏ ရုပ်အလောင်းအား သယ်ဆောင်သွားခဲ့သည်။ ထို့နောက် မေ ၂ ရက်(တနင်္လာနေ့)၌ပင် အိုစမာဘင်လာဒင်၏ ရုပ်အလောင်းအား ပင်လယ်အတွင်းမျှောကာ သင်္ဂြိုဟ်လိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှု ၁၃ ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံတစ်ဝန်း သီးခြားဗုံးခွဲတိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၃ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိသွားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးလ်မြို့၌ ဧပြီ ၃၀ရက်က လူစည်ကားရာ ဈေးဝင်ပေါက်၌ရှိနေသော တပ်ဖွဲ့ဝင်များအနီး ဗုံးပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင် ရှစ်ဦးအပါအဝင် ၁၃ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ *(အင်တာနက်)*

အာဖဂန်အကျဉ်းထောင်မှ အကျဉ်းသားအချို့ထွက်ပြေး

ကာဘူးလ် မေ ၂

အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဟီရတ်ပြည်နယ်ရှိ အကျဉ်းထောင် ဖောက်ခံရပြီး အနည်းဆုံး အကျဉ်းသားရှစ်ဦး လွတ်မြောက်သွားကြောင်း အင်တာနက်သတင်းတွင် မေ ၁ ရက်က ဖော်ပြပါရှိသည်။

ကာဘူးလ်မြို့တော် အနောက်ဘက် ကီလိုမီတာ ၇၃၀ အကွာရှိ ဆန်ခရိုင်တွင် ဧပြီ ၂၉ ရက် ညပိုင်းက ထောင်ဖောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကြေညာ

အကျဉ်းသားများအား ထမင်းကျွေးနေစဉ် အချို့သော အကျဉ်းသားများက စတင်တိုက်ခိုက်လာခြင်းဖြစ်ကြောင်း ထောင်အရာရှိများက ကြေညာသည်။

ထောင်ဖောက်မှုတွင် အဆောင်မှူးတစ်ဦး ဒဏ်ရာရသွားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ယခုအထိ ထွက်ပြေးသည့် အကျဉ်းသားနှစ်ဦးကို ပြန်လည်ဖမ်းမိသော်လည်း အကျဉ်းသားခြောက်ဦးမှာ လွတ်မြောက်နေဆဲဖြစ်သည် ဆို၏။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

★ မိုးမြင့်လင်းလက် – စုစည်းသည် ★

တရုတ်မြောက်ပိုင်း၌ စာသင်ကျောင်းပြိုကျ

ဟုတ်ဟော့ မေ ၂

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ဆောက်ဆဲစာသင်ကျောင်းအဆောက်အအုံတစ်ခု **(အပေါ်ပုံ)** မေ ၁ ရက် နံနက်ကပြိုကျခဲ့ရာ အလုပ်သမားခြောက်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂ ရက်က ပြောကြားသည်။

ပြိုကျခဲ့

အခင်းဖြစ်ပွားမှုမှာ အီရာဒို့စ်မြို့ ဝူရှန်စီရင်စုတွင် ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က အလုပ်သမားများလုပ်ငန်းခွင်၌ လုပ်ကိုင်နေစဉ် ၎င်းစာသင်ကျောင်းအဆောက်အအုံ၏ ခန်းမကြီးပြိုကျခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်၌ ပိတ်မိနေသော အလုပ်သမားခြောက်ဦး၏ ရုပ်အလောင်းများကို မေ ၁ ရက် ည ၉ နာရီ ၅ မိနစ်ခန့်က ဆွဲထုတ်နိုင်ခဲ့သည်။ ဒဏ်ရာရရှိသူ အလုပ်သမားများအား ဆေးရုံသို့ တင်ပို့ပေးထားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆီးရီးယား၌ ရေလွှမ်း တံတားတစ်စင်းပြိုကျပျက်စီး သုံးဦးသေဆုံး၊ ငါးဦးပျောက်ဆုံး

ဒမတ်စကတ် မေ ၂

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံသုံးဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားအရာရှိများက မေ ၂ရက်၌ ပြောကြားသည်။

သေဆုံး

မိုးသည်းထန်ပြီး မြစ်ရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ဟာဆာကာပြည်နယ်အရှေ့မြောက်ပိုင်းရှိ ဟာဆာကာဒီရာအီဇိုရာ အဝေးပြေးကားလမ်းပေါ်မှ တံတားတစ်စင်းပြိုကျခဲ့ပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ သေဆုံးခဲ့သည်။

ရေလွှမ်း

ယခုအချိန်အထိ ငါးဦးပျောက်ဆုံးလျက်ရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်ကလည်း ဟာဆာကာပြည်နယ်တွင် မိုးသည်းထန်စွာရွာပြီး ရေလွှမ်းခဲ့သဖြင့် ကျေးရွာပေါင်း ၂၈ ရွာ ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရပြီး ငါးဦးသေဆုံးခဲ့သည်။ **(အင်တာနက်)**



အီရန်ရေငုပ်သင်္ဘောများ၌ ဒုံးကျည်များတပ်ဆင်မည်

တီဟီရန် မေ ၂

အီရန်ရေတပ် ရေငုပ်သင်္ဘောများတွင် ဒုံးကျည်များ မကြာမီအချိန်အတွင်း တပ်ဆင်သွားမည်ဖြစ်ကြောင်း အီရန်ရေတပ်မှ ဒုတိယတပ်မှူး အက်မီရယ်ဖာအက်အဖီရီက မေ ၁ ရက်၌ ပြောကြားသည်ကို ပရက်စ်တီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ပြောကြား

ရေငုပ်သင်္ဘောများတွင် အသုံးပြုနေသော တော်ပီဒိုများကို အကန့်အသတ်ဖြင့် သာအသုံးပြုမည်ဖြစ်ပြီး ဒုံးကျည်များကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း အမီရီက ဆက်လက်ပြောကြားသည်။

စီစဉ်ထား

အီရန်နိုင်ငံ၏ အမြန်ရေယာဉ်များတွင်လည်း ဒုံးကျည်များ တပ်ဆင်သွားမည်ဖြစ်ပြီး အမြန်ရေယာဉ်များ မိုင်နှုန်းမြင့် မောင်းနှင်နေစဉ် ပစ်ခတ်နိုင် အောင်လည်း စီစဉ်ထားသည်ဟု ၎င်းကပြောကြားသည်။ **(အင်တာနက်)**

စက်မှုလက်မှုလုပ်ငန်းများတိုးချဲ့လာမှုနှင့်အတူ မော်တော်ယာဉ်စီးရေ များပြားလာ မြို့ပြပတ်ဝန်းကျင်ပြဿနာများ ကျော်လွှားနိုင်ရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အတူယှဉ်တွဲ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများဆိုင်ရာ (၉)ကြိမ်မြောက် အာဆီယံလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံဦးဆောင်အဖွဲ့ အစည်းအဝေးတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန် မေ ၂

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အတူယှဉ်တွဲ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများဆိုင်ရာ (၉)ကြိမ်မြောက် အာဆီယံလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံဦးဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Hotel Yangon ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးလှမြင့်၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်က အာဆီယံဒေသအတွင်း၌ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုနှင့် ကျန်းမာသန့်ရှင်းရေး၊ အမှိုက်များ ရှင်းလင်းသိမ်းဆည်းမှု၊ အခြေခံပစ္စည်းပစ္စယများ ဖြည့်တင်းစီစဉ်ရေးစသည့်ကိစ္စများကဲ့သို့ မြို့ပြပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ အာဆီယံဒေသအတွင်း မြို့တော်များအနေဖြင့် လူဦးရေထူထပ်မှု၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့လာမှုနှင့် မော်တော်ယာဉ်စီးရေ များပြားလာမှုစသည့် စိန်ခေါ်မှုများအားလုံး ရင်ဆိုင်နေကြရကြောင်း၊ ထို့ပြင် ရာသီဥတုပြောင်းလဲလာမှုနှင့် မြို့ပြဇရိယာများမှာ ဇီဝမျိုးလျော့နည်းပပျောက်မှုအထိ ဆိုးရွားသွားစေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံများအနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အာဆီယံလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Ms. Liana Bratasida က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်၊ အာဆီယံ အတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အပြန်အလှန်ဆွေးနွေး

ယင်းနောက် အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို မေ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ရန်ကုန်မြို့တော်ဝန်သည် အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကျွမ်းကျင် ပညာရှင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များအား အဆိုပါ ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းမည်

နေပြည်တော် မေ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၃ ရက် ညနေအထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မော်တော်ဆိုင်ကယ်စီးနင်းသူများသို့ သတိပေးကြေညာချက်

၁။ နေပြည်တော်နယ်မြေအတွင်း ယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ်အသုံးပြုသူများသည် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ထိုသို့ဖြစ်ပွားရခြင်းမှာ မော်တော်ဆိုင်ကယ်စီးရေ တိုးတက်များပြားလာသည့်အပြင် စီးနင်းမောင်းနှင်သူတချို့သည် ဆိုင်ကယ်စီးသင်တန်းတက်ရောက်ထားခြင်းမရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံမသိရှိခြင်း၊ ဆိုင်ကယ်စီးမကျွမ်းကျင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျမဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

၃။ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ဆိုင်ကယ်စီးသင်တန်းများပေးပြီး ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိပါသည်။

၄။ ယခုအခါ မော်တော်ဆိုင်ကယ်စီးသင်တန်းအား ပိတ်ရက်မရှိ ဖွင့်လှစ်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်လိုသူများသည် သင်တန်းတက်ရောက်ပြီး ဆိုင်ကယ်စီးနင်းမောင်းနှင်ခွင့် လိုင်စင်များ ပြုလုပ်ကိုင်ဆောင်ထားကြရမည် ဖြစ်ပါသည်။

၅။ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား ၃၀-၆-၂၀၁၁ ရက်နေ့ နောက်ပိုင်းတွင် ယာဉ်မောင်းလိုင်စင်မရှိဘဲ စီးနင်းမောင်းနှင်ခြင်းကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် စုစည်းရေးသားသည်

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် အစာအဆိပ်သင့်ပြီး ၇၂ ဦး ဆေးရုံရောက်ရှိ

နန်နင်း မေ ၂

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဘိုင်စေးကျေးရွာတွင် ရွာသား ၇၂ဦး အစာအဆိပ်သင့်ပြီး ဆေးရုံသို့ ပို့ဆောင်ကုသနေရကြောင်း ဒေသတာဝန်ရှိသူများက မေ ၁ ရက်တွင် ပြောကြားသည်။

၄င်းရွာတွင် ဧပြီ ၂၈ ရက် နေ့လယ်ပိုင်းက ဂုဏ်ပြုပွဲတစ်ပွဲ ကျင်းပခဲ့ကြောင်း၊ ထိုပွဲသို့တက်ရောက်စားသောက်သူများသည် မေ ၁ ရက်တွင် ဖျားခြင်း၊ ခေါင်းမူးဝေခြင်း၊ ဝမ်းလျှောခြင်းနှင့် ပျို့အန်ခြင်းများဖြစ်ကြပြီး ဒေသတွင်းရှိဆေးရုံသို့ ပို့ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

စုံစမ်း

ဂုဏ်ပြုပွဲသို့ တက်ရောက်ခဲ့သူ ၇၂ ဦးစလုံး အစာအဆိပ်ဖြစ်ခဲ့သည်ဟု သံသယရှိကြောင်း၊ ယင်းအစာအဆိပ်သင့်သည့်အုပ်စုတွင် ခြောက်လသားအရွယ် ကလေးငယ်တစ်ဦးပါ ပါရှိကြောင်း၊ လူနာအားလုံး စိုးရိမ်ဖွယ်မရှိဘဲ အခြေအနေကောင်းမွန်ကြောင်း သိရသည်။ ဖြစ်ရသည့် အဓိကအကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၂

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် မေ ၂ရက် နေ့လယ်ပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား၍ လေးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့သည်။ ကလေးငယ်သုံးဦးနှင့်အမျိုးသမီးတစ်ဦးသေဆုံးခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူ ၁၁ ဦးတွင် ရဲဝန်ထမ်းခုနစ်ဦးလည်းပါဝင်သည်။ ဒဏ်ရာရသူအချို့မှာ စိုးရိမ်ဖွယ်အနေအထားတွင်ရှိနေကြောင်း သိရသည်။

ပေါက်ကွဲခဲ့

ယင်းလမ်းဘေးဗုံးမှာ ပက်ရှ်ဝါမြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်တွင်ရှိသည့် ချာဆာဒါမြို့ ရဲဌာနဘေးရှိ အဆောက်အအုံတစ်ခုတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပေါက်ကွဲမှုဖြစ်သည့်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တားမြစ်ပိတ်ဆို့ထားပြီး ဒဏ်ရာရသူများကို ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ရသည်။

ဗုံးပေါက်ကွဲခဲ့သည့် အဆောက်အအုံမှာ ပျက်စီးခဲ့ကြောင်း၊ ရဲစခန်းဝင်းနားရှိ ခြံစည်းရိုးမှာလည်း ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

(အင်တာနက်)

အသားအရေတင်းပြီးချောမွေ့စေရေး အလိုဒိုက်စ်က စွမ်းဆောင်နိုင်ကြောင်း ဟောပြော

ရန်ကုန် မေ ၂

အသားအရေတင်းပြီး ချောမွေ့စေရေးအတွက် အလိုဒိုက်စ်က စွမ်းဆောင်နိုင်ကြောင်းကို ယမန်နေ့ညနေက The Strand Hotel ၌ ကျင်းပသော နုပျိုစေသော အလိုဒိုက်စ် (Alodise) စတင်ဖြန့်ချိခြင်း အခမ်းအနား၌ ကျန်းမာရေးဆိုင်ရာ ပညာရှင်များက ဟောပြောခဲ့ကြသည်။

ဟောပြောတင်ပြ

အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာစောနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကျန်းမာရေးနှင့် လူမှုနေထိုင်ရေး စာရေးဆရာများဖြစ်သည့် နန်းအိအိဇာ၊ ဒေါက်တာကျော်ကျော်(အရေပြား)နှင့် ပါမောက္ခခင်မောင်ဝင်း (အသည်း)တို့က Collagen နှင့် ထာဝစဉ်နုပျိုရေး နည်းလမ်းများအကြောင်းကို တက်ရောက်လာသည့် ပရိသတ်များအား ဟောပြောဆွေးနွေးခဲ့ကြသည်။

ပေါင်းစပ်ဖော်ထုတ်

အလိုဒိုက်စ် (Alodise) ကို အသားအရေတင်းရင်းချောမွေ့စေသော Collagen နှင့် စိုပြည်ဝင်းပစေသော Aloe Vera တို့ဖြင့် အထူးပေါင်းစပ်ဖော်ထုတ်ထားပြီး နုနယ်ပျိုမျစ်စေသည့် အလှကုန်ဆေးပစ္စည်းသစ်ဖြစ်သည်။

ဖြန့်ချိ

အလိုဒိုက်စ် (Alodise) ကို ကိုရီးယားနိုင်ငံတွင် ထုတ်လုပ်ပြီး မြန်မာနိုင်ငံ၌ Zizawa Healthcare အမှတ် ၂၁၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၆၆၄၅၊ ၀၁-၃၈၅၂၅၃ မှ ဖြန့်ချိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်ရေး ပြည်နယ်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂

ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ လယ်ယာလုပ်ကိုင်သူများ ပိုမိုတိုးတက်လာရေး၊ တောင်သူများစုပေါင်း၍ လယ်ယာမြေဧက ၅၀၀ရှိပါက အစုအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက လယ်ယာမြေရယူထားသည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တီးတိန်-ရိဒ်ကားလမ်း အဆင့်မြှင့်တင်ဆောက်လုပ်

နေပြည်တော် မေ ၂

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းက တီးတိန်မြို့နယ် မံဆွောင်းကြိုးတံတားအနီး လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁) ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူးက တီးတိန်-ရိဒ်ကားလမ်း အဆင့်မြှင့်တင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရိခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းအဆောက်အအုံနှင့် တီငါးချောင်းတံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရိခေါဒါရ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညပိုင်းတွင် တွန်းဇန်မြို့ အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေ၊ လက်ရှိနိုင်ငံတော်အစိုးရ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရနှင့်အတူ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့နယ် သဲအိမ်ကျောင်းစု-ကျုံသွတ်တည်တံတားဆောက်လုပ်နေမှုကို ဧပြီ ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသီဟဝင်းနှင့် ကျေးရွာမှ တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဖြူးမြို့နယ်၌ဖွင့်

ဖြူး မေ ၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမှတ် ၁၂၈ ရန်ကုန်-မန္တလေး လမ်းမကြီးတွင် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး ဘဏ်လီမိတက် (ဖြူးဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ဖြူးဘဏ်ခွဲကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲမင်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လွင်ဦးက အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (ဖြူးဘဏ်ခွဲ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ကြူတော ကျေးရွာအုပ်စု သရက်ပင်ဆယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲအား အခြေခံပညာမူလတန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဧပြီ ၂၅ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ်ဟောပြော

ကဝ မေ ၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ၂၀၁၁ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ် ကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ခွေးရူးရောဂါတိုက်ဖျက်ရေးဟောပြောပွဲကို ဧပြီ ၂၅ ရက်က ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး ပဲခူးခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်တင်ဝေက ပညာပေးဟောပြောသည်။ **(အောက်ပုံ)**

ထို့ပြင် ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကိုလည်း ကဝမြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၆။	မျိုးချစ်တပ်မတော်
၄:၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅	၉။	အင်္ဂလိပ်စာသုတ
၄:၅၅	၁၀။	မြန်မာသံစဉ်ချိုနှားဝင်
၅:၀၀	၁၁။	မီးသတိပေးနှိုးဆော်ချက်
၅:၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း -၃၈)
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၁၅	၁၆။	ဘောလုံးဟာသနှင့် ဂန္တဝင်ဂိုး (၅၀၀)
၆:၂၅	၁၇။	အောင်မြင်ခြင်းလမ်းမ
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၁၇)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	လျှပ်တစ်ပြက်
	၂၅။	ဟာသရုပ်စုံ
	၂၆။	မွေးမြူသုတ
	၂၇။	သီချင်းလက်ဆောင်
	၂၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း -၁၆)
	၃၀။	(၆၅)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း - **ဘာပဲဖြစ်ဖြစ် သတိရပါ**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ်(၂၄)ကို မေ ၁ ရက် (တနင်္ဂနွေနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Star Movies ရုပ်သံလိုင်း၌ ကြည့်ရမည့် Mother၊ VIP Access; Thor၊ Possession၊ Scream၊ Brother's War၊ My Family's Secret၊ Trade၊ Pulse 2၊ 500 Days of Summer၊ Remember Me၊ All About Steve၊ Christmas With The Kranks၊ The Code၊ Half Past Dead 2၊ Charlie's Angels စသည့် စိတ်ဝင်စားဖွယ်ရုပ်ရှင်ဇာတ်ကားများ၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် သရဲတစ္ဆေများအကြောင်း ပြသမည့် The Haunted (Season 1)၊ ကနေဒါနိုင်ငံမြောက်ပိုင်းတွင် နေထိုင်သည့် ပိုလာဝက်ဝံများအကြောင်း ပြသမည့် Growing Up၊ Discovery ရုပ်သံလိုင်းတွင် သမိုင်းမတင်မီခေတ်မှ ကျောက်ဖြစ်ရုပ်ကြွင်းများအား ရှာဖွေဖော်ထုတ်သည့် Baby Mammoth၊ အမေရိကန်မှ ဥပဒေထိန်းသိမ်းရေးအေဂျင်စီတစ်ခုအကြောင်း အသေးစိတ်ကြည့်ရမည့် Secret of The Secret Service အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Barclays Premier League ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Mandalay FM တွင် နားဆင်ရမည့် ရင်သွေးငယ်တို့ ကျန်းမာဖို့ အစီအစဉ်နှင့် စီးရီးသစ်အညွှန်း အစီအစဉ်တွင် နားဆင်ရမည့် တေးသံရှင် အယ်ဒီကျော်၏ သတ္တုခေတ်အလွန်စီးရီးသစ်၊ ကြည့်ရှုရမည့် စင်ကာပူနိုင်ငံတွင် မေ ၁ ရက်၌ ကျင်းပပြုလုပ်မည့် Legenday Journey Live Show၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info၊ For Sports၊ For Edu၊ For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များအပြင် ထပ်မံထုတ်လွှင့်မည့် For Tunes၊ For Ad၊ For Comedy စသည့် Digital ရုပ်သံလိုင်းများအကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ မေ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

မှာယူနိုင်

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

မြေကြီး မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး

မြို့သစ်၌ ကွင်းဆင်းစစ်ဆေး

မြို့သစ် မေ ၂

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် မြေကြီး မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဝင်း၊ ဒုတိယ တိုင်းဒေသကြီး မြေစာရင်း ဦးစီးဌာနမှူး ဦးအောင်ဆွေနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဌေးဝင်းတို့ ဧပြီ ၂၃ရက်က လဲလူကျေးရွာအုပ်စု၊ တပ်ကုန်းကျေးရွာအုပ်စု၊ အင်းရွာကြီးကျေးရွာအုပ်စုတို့တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဧပြီ ၂၄ ရက်တွင် လေးတိုင်စင်ကျေးရွာအုပ်စုနှင့် ရေပြည့်ကျေးရွာအုပ်စုတို့တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ် ဒေသဖွံ့ဖြိုးရေး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ နှမ်းပါးခင်းများသို့ ရေပေးဝေမှုနှင့် ရွာရှည်ကျေးရွာရှိ တောင်သူ ဦးတင်အောင် စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုး ငါးဧက စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆားလင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား အားပေးစကားပြောကြားကာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်၌ ကုန်ပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထား

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံပြီး ဆားလင်းကြီးမြို့နယ် ငွေသာဆည်မှ ရေပေးဝေမှု၊ ရေဝေရေလဲ သစ်တောစိုက်ပျိုးမှုနှင့် ငွေသာကျေးရွာ အမှတ် (၈၂၅/က)ရှိ တောင်သူဦးထွန်းသိန်း စိုက်ပျိုးထားသော ရွှေဘို(၁)၊ ရွှေဘို(၂) စပါးမျိုး ငါးဧက ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညနေပိုင်းတွင် ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေးတွင် သီးနှံတစ်ခုချင်းအလိုက် လျာထားချက်ဧက ပြည့်မီကျော်လွန်ရေး၊ အထွက်နှုန်းမြင့်မားရေး၊ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးရေးတွင်သာမက မွေးမြူရေးအပြင် အိမ်တွင်းကုန်ထုတ်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် ယင်းမာပင်မြို့နယ်ရှိ ရေလှောင်ကန်အမှတ် R1 ရေလျှံတွင်းမှ နှမ်းပါးခင်းများအတွက် ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူဆယ်ခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

မူဆယ် မေ ၂

ရှမ်းပြည်နယ် မူဆယ်ခရိုင်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားခဲ့ပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။ ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးက မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများကို ၂၀၁၁-၂၀၁၂ ခုနှစ်၏ မြို့နယ်အလိုက် စီမံကိန်းတာဝန်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

နေ့ညမဟူ သတိမူ၊ ရန်သူမီးကိုသာ

"ပြည်သူလူထုရဲ့ သတင်းပေးမှုက အဓိကကျပါတယ်"
ဦးတင်မိုး
ညွှန်ကြားရေးမှူးချုပ်
မီးသတ်ဦးစီးဌာန။

● ရှေ့ဖုံးမှ

"ကျွန်တော်တို့ မီးသတ်ယာဉ်တွေ မီးလောင်ပြင်ကို မြန်မြန်သွားနိုင်ဖို့၊ ရောက်ဖို့ဆိုတာက မြန်မြန်သိဖို့လိုပါတယ်။ အဲဒီလို သိနိုင်ဖို့ဆိုရာမှာလည်း ပြည်သူလူထုရဲ့သတင်းပေးမှုက အဓိကကျပါတယ်။ အဲဒါမှ မြန်မြန်ရောက်ပြီး မြန်မြန် ငြိမ်းသတ်နိုင်မှာပါ" ဟု နိဒါန်းနှင့် စခဲ့သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၏ အဖွင့်စကားက တန်ဖိုးကြီးလှသည်။

တပ်လှန့်ထား

"မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်" ဟူသည့် လက်တွေ့ကျသော လုပ်ငန်းအခြေခံ သဘောတရားဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက တပ်လှန့်ထားသည်။

အသင့်ရှိနေ

"ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေ အနေနဲ့ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဆိုတဲ့အတိုင်း နှောင့်နှေးခြင်းမရှိဘဲ တက်တက်ကြွကြွ ဆောင်ရွက်နေကြပါတယ်။ မြန်မြန်သိနိုင်ဖို့အတွက် မီးသတ်စခန်းအားလုံးမှာ ဖုန်း၊ ဆက်သွယ်ရေးစက်တွေ စက္ကန့်မလပ် ၂၄ နာရီ ဖွင့်ထားပါတယ်။ မြန်မြန်သွားနိုင်ဖို့အတွက် လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့် စတဲ့သင့်လေးသင့်နဲ့ အမြဲရှိနေကြပါတယ်။ မြန်မြန် ငြိမ်းသတ်နိုင်ရေးအတွက် ခေတ်မီကိရိယာ၊ နည်းပရိယာယ်၊ လူ၊ ပေါင်းစပ်လေ့ကျင့်မှုတွေလည်း အထပ်ထပ်အခါခါနဲ့ ဖြည့်ကျင့်ထားကြပါတယ်" ဟု အပြောတွင် နံနက်ပိုင်းက ချွေးသံတလုံးလုံးဖြင့် လေ့ကျင့်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များကို ပြန်လည်မြင်ယောင်မိသည်။

"သုတေသနပြုမှုတွေကို လက်တွေ့ အကောင်အထည်ဖော်သွားပါမယ်"
ဦးကျော်သူရ
ညွှန်ကြားရေးမှူး (ဌာနချုပ်)။

ကြားသိခဲ့ရ

ယနေ့နိုင်ငံတော်တွင် ဖွံ့ဖြိုးလာသည်နှင့်အညီ မီးငြိမ်းသတ်ရေးတွင် ခေတ်မီကိရိယာများကို အသုံးပြုလာနိုင်ပြီဖြစ်သည်။ GPS နှင့် Vehicle Tracking System များအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့ကြီးများတွင် တပ်ဆင်အသုံးပြုနိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်းကိုလည်း ကြားသိခဲ့ရသည်။

ပိုမိုထိရောက်

၎င်းစနစ်များကို တပ်ဆင် အသုံးပြုခြင်းအားဖြင့် မီးလောင်မှုသတင်း ရရှိသည်နှင့် ချက်ချင်းအကူယာဉ်များ၊ မီးလောင်ပြင်သို့ ထွက်ခွာရာလမ်းကြောင်းများကို ချက်ချင်း သိနိုင်ပြီး အမြန်ဆုံးသွားရောက်နိုင်ခြင်း၊ စခန်းအသီးသီးမှ သတ်မှတ်ယာဉ် အုပ်စုအလိုက် မီးလောင်ပြင်သို့ ထွက်ခွာရာလမ်းကြောင်းများသိရှိခြင်း၊ မီးလောင်ပြင်ပတ်ဝန်းကျင်ရှိ ရေရရှိမည့်နေရာများ၊ ရဲစခန်း၊ ဆေးရုံ၊ လျှပ်စစ်ဌာန စသည့် ဆက်စပ်နေရာများကို သိလာနိုင်သည့်အတွက် မီးငြိမ်းသတ်ရေး ပိုမိုထိရောက်မြန်ဆန်ခြင်း၊ မီးလောင်ပြင်ရှိ မီးသတ်ယာဉ် အုပ်စုများကို အလွယ်တကူ တွေ့မြင် ကွပ်ကဲထိန်းချုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

ပေါင်းစပ်ဖွဲ့စည်း

ယနေ့တွင် ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနေရသည်။ မည်သည့်အရပ်ကပေါ်ပေါက်လာမည်မသိသော သဘာဝဘေးအန္တရာယ်ကို သတိပြုနေရသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည်မီးငြိမ်းသတ်ခြင်းလုပ်ငန်း သက်သက်သာမဟုတ်တော့ဘဲ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာတိုင်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ပေးလာရသည်။ အသက်ကယ်အဖွဲ့ (SEARCH AND RESCUE TEAM) များကို နေပြည်တော်၊ ရန်ကုန်၊ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီစသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သန္တွေတွင် အရန်အင်အားအဖြစ် ပေါင်းစပ်ဖွဲ့စည်းထားသည်။

မီးသတ်တပ်ဖွဲ့ဝင်များ တဲအိမ်များ မီးလောင်ခြင်းကို မီးရိုက်တုတ်၊ မီးကပ်များအသုံးပြု၍ မီးငြိမ်းသတ်သည့် သရုပ်ပြကွက်။

ထို့အပြင် အသက်တစ်ချောင်းကို လျင်မြန်စွာ ကယ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့တွင် လူနာတင်ယာဉ်များလည်း ထားရှိလာခဲ့ပြီဖြစ်ရာ ညွှန်ကြားရေးမှူးချုပ်က "မီးလောင်ပြင်ကမှ မဟုတ်ပါဘူး၊ မည်သည့်နေရာကပင်ဖြစ်ပါစေ လူနာတစ်ဦး ဆေးရုံကိုပို့ဖို့ အခက်အခဲရှိရင် ဖုန်းလေးသာဆက်လိုက်ပါ၊ အရောက်လာခဲ့ပါမယ်" ဟု မီးသတ်တပ်ဖွဲ့ဝင်တိုးချဲ့လုပ်ငန်းများအပေါ် စီစဉ်ထားမှုများကို ပြောပြသည်။

ထိုလူနာတင်ယာဉ်တွင် ရှေးဦးသူနာပြုသင်တန်းဆင်း မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံရောက်သည်အထိ ကူညီစောင့်ရှောက်ပေးသွားမည်ဟု ပြောပြသည်။

ရည်ရွယ်

ထို့နောက် မြန်မာ့အလင်း သတင်းအဖွဲ့သည် ညွှန်ကြားရေးမှူးချုပ် အခန်းမှတစ်ဆင့် ညွှန်ကြားရေးမှူး ဦးကျော်သူရရုံးခန်းဆီသို့ ဝင်ခဲ့ကြသည်။ ညွှန်ကြားရေးမှူးက "ဒီ ရန်ကုန်ရုံးချုပ်မှာ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနစိတ်ဆိုပြီး ဌာနစိတ် အသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ထားပါတယ်။ ရည်ရွယ်ချက်ကတော့ နိုင်ငံတကာ မီးသတ်နည်းပညာများ လေ့လာဖော်ထုတ်ပြီး နိုင်ငံတကာအဆင့်မီ မီးသတ်တပ်ဖွဲ့ဖြစ်ရေးအတွက် ရည်ရွယ်ပါတယ်" ဟု ညွှန်းဆိုခဲ့သည်။

ပြောင်းလဲလာသော နိုင်ငံတော်သစ်ကြီးနှင့်အညီ လက်ရှိအသုံးပြုနေသော မီးငြိမ်းသတ်ရေးစနစ်ကို နိုင်ငံတကာအဆင့်မီ ခေတ်မီ မီးငြိမ်းသတ်ရေးစနစ်များဖြင့် အစားထိုးဖြည့်ဆည်းသွားတော့မည်ဖြစ်ကြောင်း ကြားသိခဲ့ရသည်။

ဦးကျော်သူရက "စာတမ်းတွေဖတ်တယ်၊ အပြန်ပြန်အလှန်လှန် ဆွေးနွေးကြတယ်၊ သုတေသနပြုမှုတွေကို လက်တွေ့အကောင်အထည်ဖော်တယ်၊ အခုဆို စာတမ်းလေးစောင် ဖတ်ကြားသုတေသနပြုနိုင်ခဲ့ပြီး ဆောင်ရွက်ပြီးသမျှကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မြို့နယ်တွေဆီကို ဖြန့်ဝေပါတယ်၊ အကျိုးထိရောက်မှုတွေ အများကြီး ရခဲ့ပါတယ်" ဟု ပြောပြသည်။

ဂုဏ်ပြုကြိုဆို

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက "ဒီနှစ် မီးသတ်ပညာပေး ဇာတ်လမ်းလေးကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)နဲ့ ရိုက်ကူးပြီး မကြာမီ မြန်မာ့အသံ၊ မြဝတီ၊ MRTV-4 တို့က ထုတ်လွှင့်ပြသသွားတော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ရဲ့ ပြည်သူတွေအပေါ် သစ္စာတရားနှင့် မေတ္တာစကား ပေါင်းစပ်ထားတဲ့ ဓာတ်လမ်းကောင်းလေး တစ်ပုဒ်ပါ" ဟု ညွှန်းဆိုလာသည်ကို နားစိုက်ထောင်ရင်း မေ ၅ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဂက်စ်အိုးမှ မီးတောက်များ ပန်းထွက်နေစဉ် မီးသတ်တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦးက ပန်းထွက်နေသော မီးပန်းကို ရဲတရက်လက်ဖြင့် ရဲဝံ့စွာပိတ်၍ မီးငြိမ်းသတ်လိုက်သည့် သရုပ်ပြကွက်။

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ၈၇ ရာခိုင်နှုန်းပြီးစီး သဘာဝဘေးအန္တရာယ်များ ကြိုတင်တွက်ဆပြီး နည်းလမ်းများ စီမံလုပ်ဆောင်

နေပြည်တော် မေ ၂

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ရှိပြီး ပင်မတမံအလျား ပေ ၃၂၈၀၊ အမြင့် ၁၆၄ ပေရှိ ဇုန်တမံအမျိုးအစားဖြစ်သည်။ မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် တမံနှစ်ခုကြားမှ စီးဆင်းနေသောရေများကို သိုလှောင်ထားရှိကာ လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ်အား ထုတ်ယူပြီး ထွက်ရှိလာသောရေများကို မဲဇလီရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးမြေ ဧက ၉၆၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ယနေ့အထိ လုပ်ငန်းများအားလုံး၏ ၈၇ ရာခိုင်နှုန်း ပြီးစီးကာ ၂၀၁၁ ခုနှစ်အတွင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့် အကောင်အထည်ဖော်ပြီးစီးမည် ဖြစ်သည်။

စီမံဆောင်ရွက်

အဆိုပါ ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းတို့သည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်တို့နှင့်အတူ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခု တည်ဆောက်နေသော ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းမှာ အကြီးစားစီမံကိန်းတစ်ခု ဖြစ်သည်နှင့်အညီ မိမိတို့၏ရည်မှန်းချက်ဖြစ်သော ရေလှောင်တမံ ဘက်စုံစီမံကိန်း အောင်မြင်စွာ ပြီးစီးရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် အချင်းချင်းနားလည်မှု၊ ညီညွတ်စည်းလုံးမှုဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ စီမံကိန်းကြီးပြီးသွားပါကလည်း ဆည်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းသည် အရေးကြီးသဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊ ဆည်အမျိုးအစားအလိုက် လိုအပ်သောဖွဲ့စည်းပုံများ ရေးဆွဲဆောင်ရွက်ရန်၊ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး လက်တွေ့ ရှင်းလင်းလွယ်ကူသော ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို စီမံလုပ်ဆောင်ထားရှိကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးစီးတော့မည်ဖြစ်၍ ဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရေးအတွက် ဝန်ကြီးဌာနနှစ်ခုမှ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ အသေးစိတ်ညှိနှိုင်းပူးပေါင်းပြီး ယခု စက်တပ်ဆင်မှုကာလမှပင် လုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းခွင်တစ်ခုဖြစ်သည့် Power House အတွင်း ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထုတ်ယူမည့် Generator စက်ပစ္စည်းများ တပ်ဆင်နေမှု၊ ကွန်ကရစ်လောင်းရန်ပြင်ဆင်နေမှု၊ Switch Yard များ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ရှုရပ်အမြင့်မှ Power House တည်ဆောက်နေမှု၊ ပင်မတမံချောင်းပိုင်းကို စက်ယန္တရားကြီးများဖြင့် မြေသားဖို့နေမှု၊ ကျောက်စီအချောသပ်နေမှု၊ Power Intake အဆောက်အအုံပေါ်မှ စက်ယန္တရားကြီးများဖြင့် ပင်မတမံတည်ဆောက်နေမှု၊ စီးဝင်ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေထုတ်တံခါးမှ နွေစပါးစိုက်ပျိုးရေးအတွက် ရေထုတ်လွှတ်နေမှုနှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (လယ်/ဆည်)

စက်ရုံ၏ ကုန်ထုတ်နိုင်မှုစွမ်းအား သတ်မှတ်စံချိန်ပြည့်မီအောင် ကြိုးပမ်း စွန့်ပစ်ပစ္စည်းမှ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးစီမံဆောင်ရွက်

နေပြည်တော် မေ ၂

နိုင်ငံတော်အတွက် အဓိကကျသော စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြု ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ဓာတ်မြေသြဇာထုတ်လုပ်သည့် လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးဒေါင့်မြို့နယ်တွင် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)တို့ကို မကြာမီက တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအခါ စက်များ လည်ပတ်ကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

အလေးထား

ထိုသို့ ကုန်ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဧပြီ ၃၀ ရက်တွင် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)သို့ ရောက်ရှိပြီး စက်ရုံ၏ ကုန်ထုတ်နိုင်မှုစွမ်းအား သတ်မှတ်စံချိန်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စီးပွားရေးတွက်ခြေကိုက်ရန်အတွက် ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား မှန်ကန်ညီမျှစေရန်၊ ဓာတုဗေဒနည်းစဉ်အပေါ် အခြေခံဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် စက်ရုံ၏ စွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားလိုက်နာ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့်အတူ ရန်ကုန်မြို့မှ ညောင်တုန်းရေနံမြေသို့ သွားရောက်၍ ကားလမ်းတစ်လျှောက်ရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

နေပြည်တော်တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုကို ၂၀၀၉ ခုနှစ် ဧပြီလတွင် စတင်ပန္နက်တင်၍ တည်ဆောက်ခဲ့သည်။

တည်ဆောက်ရေး ကာလကို လပေါင်း ၃၀ (နှစ်နှစ်ခွဲ) သတ်မှတ်ထားသည်။ နေပြည်တော်၏ တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဧရိယာ ၅၅၆၉ ဧကပေါ်တွင် လေယာဉ်ပြေးလမ်း အရှည်ပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ကို အခြေခံ၍ တစ်ချိန်တည်းတွင် လေယာဉ် ၁၀ စင်း ဆိုက်ကပ်ထွက်ခွာနိုင်ပြီး တစ်နေ့လျှင် ခရီးသည် ၉၀၀၀ ဝင်ထွက်နိုင်ကာ တစ်နှစ်လျှင်ခရီးသည် ၃ ဒသမ ၅ သန်း ဝင်ထွက်နိုင်မည်ဖြစ်သည်။ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၇၀ ကုန်ကျမည်ဖြစ်ပြီး လေဆိပ် တည်ဆောက်ရေးလုပ်ငန်းများ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းတို့ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် Pioneer Aerodrome Services Co.,Ltd. မန်နေဂျင်း ဒါရိုက်တာက လေဆိပ်တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်တည်ဆောက်ရခြင်း၏ အဓိကရည်ရွယ်ချက်၊ နောင်တွင် ဖြစ်ပေါ်လာမည့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြင့်မားလာမည်

ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်နည်းပညာများ အသုံးပြုထားသော ခေတ်မီနိုင်ငံတကာလေဆိပ်များ ပိုင်ဆိုင်ခြင်း၊ ခေတ်မီလေယာဉ်များကိုအသုံးပြု၍ လေကြောင်းလိုင်းများ တည်ထောင်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များ ပျံသန်းပြေးဆွဲနိုင်ခြင်းတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ၏ ကြန်အင်လက္ခဏာများပင် ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နည်းပညာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူသားအရင်းအမြစ်၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ကျွမ်းကျင်မှုမြင့်မားခြင်း(Intellectual & Skills)၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ နိုင်ငံတကာ အတွေးအမြင်နှင့် ဗဟုသုတ ပြည့်စုံခြင်း (International Outlook and Knowledge) များကို တိုင်းတာရာတွင် ၄င်းနိုင်ငံ၏ ခေတ်မီလေဆိပ်ကြီးများနှင့် လေကြောင်းလိုင်းများ ပိုင်ဆိုင်မှုဖြင့် တိုင်းတာအကဲဖြတ်လျက်ရှိကြောင်း၊ ယခု တည်ဆောက်လျက်ရှိသော လေဆိပ်ကြီးပြီးစီးပါက နိုင်ငံတကာ လေကြောင်းလိုင်းများ နေပြည်တော်သို့ အဆင်ပြေချောမွေ့စွာ အချိန်မီ ဆင်းသက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ ဂုဏ်ကျက်သရေလည်း များစွာ မြင့်မားလာမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရန် ICAO က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမြင့်မားအောင် တည်ဆောက်သွားရန်နှင့် နှောင့်နှေးမှုမရှိဘဲ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဖိုလ်ကလေးတင့်အောင်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၀	၈။	**နင်းကြည့်စမ်းပါ**
၈:၂၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀	၁၀။	အတီးပြိုင်ပွဲ
၈:၄၀	၁၁။	**International News**
၈:၄၅	၁၂။	တေးဂီတအစီအစဉ်
၉:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	အကပြိုင်ပွဲ
၄:၃၀	၄။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၄:၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၇။	**ရုပ်မြင်ရသတေးစုကဏ္ဍ**
၅:၃၅	၈။	**နှောင်းနှောင်းတ**
၅:၄၅	၉။	ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၀	၁၃။	ဆိုလိုက်ကြစို့
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၈)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ရယ်စရာဟာသများ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ** (အပိုင်း-၂၅)
	၂၀။	အစီအစဉ်ပြီး၏။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၂

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြအေး တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၂၉၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (ပညာရေး)

ဗိသုကာပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ(၀၄/၂၀၁၁)ကို မေ ၇ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminor Room တွင် ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတွင် "Planning and Designing against Natural Disasters" ခေါင်းစဉ်ဖြင့် ဒေါက်တာကျော်လတ်က ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၁၅၃၀၈၄၊ ၀၁-၇၂၃၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ဗိသုကာအသင်း)**

ပြည်သူများ၏ အကျိုးစီးပွား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် အဂတိလိုက်စားခြင်းမရှိဘဲ တည်ကြည်ဖြောင့်မတ်စွာ စစ်ဆေးဆောင်ရွက်

နေပြည်တော် မေ ၂

စာရင်းစစ်ရုံးများသည် နိုင်ငံနှင့်ပြည်သူအတွက် နစ်နာဆုံးရှုံးမှုများ၊ အလွဲသုံးစားမှုများကို စစ်ဆေးဖော်ထုတ်ပေးပြီး အစိုးရအဖွဲ့အစည်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်စေရန်နှင့် လမ်းမှန်ရောက်အောင် ထိန်းကျောင်း တည့်မတ်ပေးရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ထိန်းကျောင်း တည့်မတ်ပေးခြင်းဖြင့် အစိုးရအဖွဲ့အစည်းများသည် အလေအလွင့် အယိုအဖိတ်မရှိအောင်၊ စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာပြီး အချိန်မီ ပြုပြင် ဆောင်ရွက်မှုများကြောင့် ကောင်းမွန် မှန်ကန်သည့် တိုးတက်မှုဘက်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆေးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက် ပေးကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်အသီးသီးသည် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးပြီး အဂတိလိုက်စားခြင်း မရှိဘဲ တည်ကြည်ဖြောင့်မတ်စွာ စစ်ဆေး ဆောင်ရွက်ကြရန်နှင့် ဆောင်ရန်ရှောင်ရန် ကျင့်ဝတ်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် စသည်ဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များနှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံ၍ မှာကြားခဲ့သည်။

(အောက်ဝဲပုံ)

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ဒုတိယ စာရင်းစစ်ချုပ် ဦးမျိုးမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေး စီမံကိန်းလုပ်ငန်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၁ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပေးပွဲ ကျင်းပမည့်ရက် ထုတ်ပြန်

ရန်ကုန် မေ ၂

ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုနှင်းသဘင် အခမ်းအနားကို မေ ၁၆ ရက်(တနင်္လာနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူ များအားလည်း ယင်းစာပေဆုနှင်းသဘင် အခမ်းအနားနှင့် တစ်ပေါင်းတည်း ကျင်းပမည့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ပညာရည်ချွန်ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရ ပုဂ္ဂိုလ်များသည် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉-၅၃၁ စာပေဗိမာန်ရှိ ပခုက္ကူ ဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၃၇၆၅၆၉၊ တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၄၉၂၃၀၊ ရုံးအဖွဲ့ ဖုန်း-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု ရရှိကြသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသန့် ဖုန်း-၀၆၇-၄၀၇၂၇၂၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကျွမ်းကျင်သူ) ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀ တို့သို့ အမြန်ဆုံး ဆက်သွယ်သတင်းပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

* *ကျောဖုံးမှ*

မကွေးတိုင်းဒေသကြီး (ချောက်မြို့နှင့် မကွေးမြို့)၊ ကချင်ပြည်နယ် (ပူတာအိုမြို့)၊ ချင်းပြည်နယ် (ဟားခါးမြို့)နှင့် ရခိုင်ပြည်နယ် (စစ်တွေမြို့) တို့၌ ရွာသွန်းခဲ့သည့် မိုးရေချိန်များသည် ရွာသွန်းမြဲကို မပြည့်မီဘဲ ရွာသွန်းမြဲအောက် လျော့နည်းနေခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ကသာမြို့နှင့် ကလေးဝမြို့)၊ မန္တလေးတိုင်းဒေသကြီး (မိုးကုတ်မြို့နှင့် ညောင်ဦးမြို့)နှင့် ကချင်ပြည်နယ် (ဗန်းမော်မြို့နှင့် မြစ်ကြီးနားမြို့)တို့တွင် ရွာသွန်းခဲ့သော မိုးရေချိန်များသည် ရွာသွန်းမြဲကို ပြည့်မီအောင်ရွာသွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းခဲ့သော မိုးရေချိန်များသည် ရွာသွန်းမြဲကို ကျော်လွန်အောင် ရွာသွန်းခဲ့သည်။

ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သောနေ့အပူချိန်မှာ ဧပြီလအတွင်း တစ်ပြည်လုံး၌ ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်နှင့် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များအနေဖြင့် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် ၂၀၁၁ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရှိပြီး ၂၀၁၁ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

မိုးဦးကာလသတ်မှတ်ချက်မှာ မိုးဦးကာလသည် ၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လ ကုန်အထိဖြစ်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ မိုးရွာသွန်းနိုင်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌ ရွာသွန်းမြဲအောက် လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

မိုးဦးကာလမြစ်ရေအခြေအနေမှာ မိုးဦးကာလဖြစ်သော မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေအမှတ်များ၏ အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ဖွယ်ရာ မရှိဟု ခန့်မှန်းထားသည်။

ဝင်ရောက်ဖွယ်ရှိ

မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များမှာ မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မေလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ အသီးသီးဝင်ရောက်ဖွယ်ရာရှိသည်။

မိုးအခြေအနေ ခန့်မှန်းချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ ရက်မှ ၁၄ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ၇ ရက်မှ ၁၁ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မေလအတွင်း နေ့အပူချိန် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေခန့်မှန်းချက်မှာ လာမည့် မေလအတွင်းတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြို့များ၌ မြစ်ရေများသည် လက်ရှိရေအမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ဖွယ်ရာ မရှိဟု ခန့်မှန်းထားသည်။

မေလသည် မိုးကြိုကာလမှ မိုးရာသီကာလသို့ ကူးပြောင်းတော့မည့်လဖြစ်သည်။ ဤကာလအတွင်းတွင် မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအထိ အနောက်တောင်မုတ်သုံလေ ဝင်ရောက်တော့မည်ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သော မုန်တိုင်းများသည် မြန်မာနိုင်ငံဘက်ဆီကို ဝင်ရောက်တတ်သည့်အတွက် အထူးသတိထားရမည့်လ ဖြစ်သည်။

တစ်ပြေးညီထုတ်ပြန်

အထူးသဖြင့် အနောက်တောင်မုတ်သုံလေဝင်ရောက်တော့မည့် အခါကာလဖြစ်သဖြင့် နေ့စဉ်လိုလို မိုးတိမ်တောင်ကြီးများ ဖြစ်ပေါ်တတ်ပြီး နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းနှင့် ခေတ္တမျှလေပြင်းများ တိုက်ခတ်ခြင်းတို့နေ့စဉ်လိုပင် ဖြစ်ပေါ်တတ်သည်။ မုတ်သုံလေဝင်ရောက်ပြီး တစ်ပတ်ခန့် အကြာတွင် မိုးထစ်ချုန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ လျော့နည်းသွားလေ့ရှိသည်။ ယင်းကာလအတွင်း မုတ်သုံလေဝင်ရောက်မှုနှင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်နှင့် သတင်းများကို မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

*ထူးခြားသော မိုးလေဝသအခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်များ၊ သတင်းများ သိရှိလိုပါက မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ website ဖြစ်သော www.moezala.gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အလိုအလျောက် ဖြေကြားစက်များဖြစ်ကြသော ၄၁၁၂၅၂ နှင့် ၆၆၇၇၆၆ တို့သို့လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာများနှင့် FM ရေဒီယိုများမှလည်းကောင်း ကြည့်ရှုနားဆင်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။**(သတင်းစဉ်)***

နိုင်ငံတကာ ဂီတ
နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

တရုတ်နိုင်ငံမှ နာမည်ကြီး ရော့ခ်တီးဝိုင်း နှစ်(၃၀)ပြည့် အထိမ်းအမှတ်ဖျော်ဖြေ

ပေကျင်း မေ ၂

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နာမည်ကြီးရော့ခ်တီးဝိုင်းတစ်ခုဖြစ်သော Rock Records တီးဝိုင်းသည် တီးဝိုင်းတည်ထောင်သည့် နှစ်(၃၀)ပြည့် အခမ်းအနားကို မေ ၁ ရက်က ပေကျင်းမြို့ ငှက်သိုက်အားကစားကွင်းကြီး၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ရော့ခ်တီးဝိုင်းကို တရုတ် (တိုင်ပေ) ညီအစ်ကိုနှစ်ဦးဖြစ်သည့် ဆမ်နှင့်ဂျော်နီဒူယမ်တို့က ၁၉၈၀ပြည့်နှစ်တွင် ထူထောင်ခဲ့ကြခြင်း ဖြစ်သည်။

Rock Records တီးဝိုင်းသည် တရုတ်ဘာသာစကားဖြင့် သီဆိုသည့် ရော့ခ်သီချင်းများတွင် အလွန်နာမည်ကျော်သည်။

Rock Records တေးဂီတ အနုပညာရှင်များက တရုတ်(တိုင်ပေ) တွင် နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ည သီဆိုဖျော်ဖြေပြီး ပေကျင်း၌ မေ ၁ရက်က တတိယညအဖြစ် သီဆိုခဲ့ကြသည်။

သီဆို

၎င်းတီးဝိုင်းနှင့်အတူ Rocker များဖြစ်ကြသည့် ဝူဘိုင်း၊ ချန်ချန်းယူ၊ ဘာရှင်းတို့ ပါဝင်သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းသီဆိုဖျော်ဖြေပွဲတွင် အဆိုတော်များဖြစ်ကြသည့် ချန်ရီချင်း၊ ကေးဟွိုင်း၊ ဝင်နီးစင်၊ တာစီစုတို့လည်း ပါဝင်သီဆိုပေးခဲ့သည်။ ယင်းဖျော်ဖြေပွဲသို့ ဟောင်ကောင်အဆိုတော် ကာရင်မောက်နှင့် မလေးရှားအဆိုတော် ဗစ်တာဝမ်တို့လည်း လာရောက်သီဆိုပေးခဲ့ကြသည်။ **(အင်တာနက်)**

မြင့်မောင်စိုး —— စုစည်းသည်

နာမည်ကြီး အဆိုတော် ဂေါ်ဒင်း၏ ဘဝပုံရိပ်

လန်ဒန် မေ ၂

အင်္ဂလန်အဆိုတော် အီလိုင်းဂေါ်ဒင်းသည် ပရိသတ်များအကြားလူသိများ ကျော်ကြားလာသည့် အဆိုတော်မလေးဖြစ်သည်။

သူမကို အင်္ဂလန်နိုင်ငံ ဟတ်ဖို့ဒ်မြို့တွင် ၁၉၈၆ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က မွေးဖွားခဲ့သည်။ သူမသည် အဆိုတော်ဖြစ်သလို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်တီး၊ သီဆိုနိုင်သူဖြစ်သည်။

သူမ အသက်မှာ ၂၄ နှစ်မျှသာ ရှိသေးသည်။ ပြီးခဲ့သည့်နှစ်က Brits Critics ၏ အကောင်းဆုံး အဆိုရှင်ဆု ချီးမြှင့်ခံရသူလည်း ဖြစ်သည်။

ထို့ကြောင့်ပင် ဂေါ်ဒင်းသည် ပြီးခဲ့သည့်တော်ဝင်လက်ထပ်ပွဲတွင် မင်္ဂလာသီချင်းကို ခေါင်းဆောင်အဆိုတော်တစ်ဦးအဖြစ် ပါဝင်သီဆိုပေးရန် ဖိတ်ကြားခြင်းခံခဲ့ရသည်။ သူမ၏ Lights အမည်ရှိ တေးအယ်လ်ဘမ်မှာ လူကြိုက်များခဲ့ပြီး အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းတွင် ပါဝင်သည်။

ထို့ကြောင့် အဆိုတော် ဂေါ်ဒင်းသည် အသက်ငယ်ရွယ်ပြီး အဆိုကောင်း၊ အကကောင်းကာ ရုပ်ရည်ချောမောသူဖြစ်ခြင်းကြောင့် ပရိသတ်များ အသည်းစွဲဖြစ်လာကြောင်း လန်ဒန်ရှိ အနုပညာဂျာနယ်တစ်စောင်က ရေးသားထားသည်။ (အင်တာနက်)

အဆိုတော် အီလိုင်းဂေါ်ဒင်း၏ သီဆိုဖျော်ဖြေမှု.....။

Bellowhead တေးဂီတအဖွဲ့၏ သီဆိုဖျော်ဖြေမှုကို ဤသို့တွေ့ရသည်။

ကမ္ဘာ့အကောင်းဆုံး တီးဝိုင်းဆု ဆောင်းလိုင်းစ် မဂ္ဂဇင်းရွေးချယ်

လန်ဒန် မေ ၂

ကမ္ဘာ့ဂီတမဂ္ဂဇင်းကြီး တစ်စောင်ဖြစ်သည့် ဆောင်းလိုင်းစ် (Songlines) မဂ္ဂဇင်းက ဗြိတိန်တွင် အခြေစိုက်သည့် ဘယ်လိုဟတ် (Bellowhead) တီးဝိုင်းကို ကမ္ဘာ့အကောင်းဆုံးတီးဝိုင်းရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့သည်။**(ဝဲပုံ)**

ဘယ်လိုဟတ် တီးဝိုင်းသည် တရုတ်၊ ဖင်လန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ တီးဝိုင်းများကို ကျော်ဖြတ်ပြီး အကောင်းဆုံးတီးဝိုင်းဆု ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ တတိယမြောက် တေးအယ်လ်ဘမ်ဖြစ်သည့် (Hedonism) ထွက်ခဲ့ပြီးနောက် အကောင်းဆုံးတီးဝိုင်းဆု ချီးမြှင့်ခံရခြင်းဖြစ်သည်။ ဆောင်းလိုင်းစ်တေးဂီတဆုကို ၎င်း၏ မဂ္ဂဇင်းဖတ်ရှုကြသူများက ပဏာမရွေးချယ်ပေးပြီး မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က အတည်ပြုရွေးချယ်ပေးခြင်း ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာ ရုပ်ရှင်
နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

အီတလီ အနုပညာကြယ်ပွင့် ကာပိုတွန်ဒီ

ရောမ မေ ၂

အီတလီ ရုပ်ရှင်လောကမှ အတောက်ပဆုံး အနုပညာ ငွေကြယ်ပွင့်တစ်ဦးဖြစ်သည့် ရုပ်ရှင်မင်းသမီး ကာပိုတွန်ဒီသည် လာမည့်သီတင်းပတ်၌ အမေရိကန် ဟောလိဝုဒ်သို့ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် သွားရောက်မည်ဟု မေ ၁ ရက်က မီဒီယာသမားများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ **(ဝဲပုံ)**

ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ပထမဦးဆုံးအကြိမ် သွားရောက်မည့် ရုပ်ရှင်မင်းသမီး ကာပိုတွန်ဒီသည် လော့စ်အိန်ဂျလိစ်မြို့၌ အမေရိကန်ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီ ယူနီဗာဆယ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။ ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီနှင့် ရုပ်ရှင်ရိုက်ကူးရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိပါက ဟောလိဝုဒ်တွင် ၂၀၁၁ခုနှစ်ကုန်၌ ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးရမည်ဖြစ်သည်။

အသက် ၃၁နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး ကာပိုတွန်ဒီသည် အသက် ၁၆နှစ်အရွယ်ကပင် စတင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး ၁၉၉၅ခုနှစ်၌ Vacanze di Natale 95 ဇာတ်ကားတွင် အရန်သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးခဲ့သည်။ ထို့နောက် Forse si... Forse no၊ Christmas in Love စသည့် ဇာတ်ကားများတွင်လည်း အရန်သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

တစ်ခဲနက်အားပေး

ရုပ်ရှင်မင်းသမီး ကာပိုတွန်ဒီသည် ၂၀၀၅ ခုနှစ်က ရိုက်ကူးခဲ့သော Volevo solo dormirle addosso ရုပ်ရှင်ဇာတ်ကားတွင် အဓိကအမျိုးသမီးသရုပ်ဆောင်အဖြစ် စတင်ရိုက်ကူးခဲ့ရာမှ ပရိသတ်များ တစ်ခဲနက်အားပေးမှု ခံခဲ့ရသူဖြစ်သည်။

ထို့နောက် Notte Prima degli esami ၊ Scrivilo sui muri ၊ I Vicere Come Vuoi ၊ From the waist on စသည့် ရုပ်ရှင်ဇာတ်ကားများတွင် အောင်မြင်မှုများ ရရှိခဲ့သည်။

၂၀၁၁ ခုနှစ်၌ La peggiore Settimana della mia vita ဇာတ်ကားတွင် အဓိက သရုပ်ဆောင် မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ ရုပ်ရှင်မင်းသမီး ကာပိုတွန်ဒီသည်ယခုအချိန်အထိ အိမ်ထောင်မပြုသေးသော်လည်း ယောကျ်ားလေးမိတ်ဆွေ ပေါများသူတစ်ဦးဖြစ်သည်။ **(အင်တာနက်)**



Fast and Furious 5 ရုပ်ရှင် ရုံတင်သည့်နေ့၌ ဝင်ငွေစံချိန်တင်ရရှိခဲ့

လော့စ်အိန်ဂျလိစ် မေ ၂

အမေရိကန်တစ်ဝန်းတွင် Fast and Furious 5 အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၂၉ရက်က ရုံတင်ပြသခဲ့ရာ ယင်းနေ့ညပွဲများ ပြသမှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းရရှိခဲ့ရာ ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီသမိုင်း၌ ရုပ်ရှင်ဇာတ်ကား စတင်ပြသသည့် အဖွင့်ပွဲနေ့တွင် ဝင်ငွေအများဆုံး ရရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့သည်။ (အပေါ်ပုံ)

Fast and Furious ရုပ်ရှင်ဇာတ်ကားသည် စီးရီးသဖွယ် ရိုက်ကူးထုတ်လုပ်ထားသဖြင့် ယခုအခါ Fast and Furious 5 အထိ ရောက်ရှိလာပြီဖြစ်သည်။ သို့သော် ယခုရုပ်ရှင်မှာ ၂၀၀၉ခုနှစ်က ပထမဆုံး ရုံတင်ပြသခဲ့သည့် Fast & Furious ၏ ဖွင့်ပွဲနေ့၌ ဝင်ငွေရရှိခဲ့သော လက်မှတ်ရောင်းရဝင်ငွေထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အမေရိကန်သရုပ်ဆောင် ဝီလ်စမစ် သားဖြစ်သူ ဂျာဒန်နှင့် ပူးတွဲသရုပ်ဆောင်မည်

မောင်မောင်မြင့်ဆွေ —— ရေးသားသည်

လော့စ်အိန်ဂျလိစ် မေ ၂

အမေရိကန်ရုပ်ရှင်သရုပ်ဆောင် ဝီလ်စမစ်နှင့် သားဖြစ်သူဂျာဒန်တို့နှစ်ဦးတွဲဖက်၍ sci-fi ရုပ်ရှင်ဇာတ်ကားတစ်ကား၌ ပူးတွဲသရုပ်ဆောင် ရိုက်ကူးမည်ဟု နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြသည်။ အဆိုပါရုပ်ရှင်ဇာတ်ကားမှာ ကမ္ဘာဂြိုဟ်ရှိ သဲကန္တာရတစ်ခုပေါ်သို့ ၎င်းတို့သားအဖ စီးနင်းလိုက်ပါလာသော အာကာသယာဉ်ပျက်ကျပြီးနောက် ကြုံတွေ့ရသည့်အဖြစ်အပျက်များကို စိတ်ဝင်စားဖွယ် ရိုက်ကူးမည့်ဇာတ်ကား ဖြစ်သည်။ (ယာပုံ)

ဝီလ်စမစ်နှင့် သားဖြစ်သူဂျာဒန်တို့နှစ်ဦးမှာ ၂၀၀၆ ခုနှစ်က ရိုက်ကူးထုတ်လုပ်ခဲ့သော Pursuit of Happyness အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ပထမဆုံး တွဲဖက်သရုပ်ဆောင်ခဲ့ဖူးသည်။ ဝီလ်စမစ်၏ဇနီး ဂျာဒန်၏မိခင်ဖြစ်သူ ဂျာဒါပင်ကက်စမစ်ကလည်း ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးအဖြစ် ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်။ (အင်တာနက်)

3-5 (10).pmd 1 5/3/2011, 3:49 AM

မောင်ချစ်ကြည် – စုစည်းသည်

အားကစားသတင်းအတိုအထွာ

❑ အင်တာမီလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းပေးပြီး မန်ယူနှင့် မန်စီးတီးတို့ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိကြောင်း အင်တာမီလန်ကလပ်က မေ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

❑ ဘော်လ်တန်အသင်း နောက်တန်းခံစစ်မှူး အသက် ၂၅ နှစ်အရွယ်ရှိ ကာဟေးလ်အား မန်စီးတီးက ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းပေး၍ ခေါ်ယူရန် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဘော်လ်တန်ကလပ်က သတင်းထုတ်ပြန်သည်။

❑ ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား စကော့ပါကာအား စပါးအသင်းက လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလ၌ ပေါင် ၁၅ သန်း ပေး၍ ခေါ်ယူရန် ကြိုးစားနေပြီဖြစ်ကြောင်း စပါးအသင်းက မေ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

❑ လီဗာပူးမှ စပါးအသင်းသို့ အငှားချထားသော ဂျိုကိုးလ်သည် စပါးအသင်းသို့ အပြီးပိုင်ပြောင်းရွှေ့ကစားရန် ဆန္ဒမရှိသဖြင့် စာချုပ်သက်တမ်း ပြီးဆုံးပါက လီဗာပူးသို့ပြန်သွားရန် ခွင့်ပြုမည်ဖြစ်ကြောင်း စပါးအသင်းတာဝန်ရှိသူများက ပြောကြားသည်။

❑ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ရော်လ်ကေးဂိုးသမား မန်နူရယ်နူအာအား ပြောင်းရွှေ့ကြေး ပေါင် ၇ ဒသမ ၈ သန်းဖြင့် ခေါ်ယူရန်ကြိုးစားနေကြောင်း အာဆင်နယ်အသင်း တာဝန်ရှိသူများက ပြောကြားသည်။

❑ မန်ယူအသင်းသည် အက်သလက်တီကိုမက်ဒရစ်ကလပ်မှ အသက် ၂၀ အရွယ်ရှိ ဂိုးသမား ဒေးဗစ်ဒီဂီရာအား ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းပေး၍ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

❑ ချယ်လ်ဆီးအသင်းသည် တိုက်စစ်အား ပိုမိုထက်မြက်စေရန် ဖြည့်ဆည်းသည့်အနေဖြင့် မန်စီးတီး တိုက်စစ်မှူး တီဗက်ဇ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ပေး၍ ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးကလပ်က ငြင်းပယ်လိုက်သည်။ (အင်တာနက်)

ဖလာမင်ဂိုအသင်း၌ ရော်နယ်ဒင်ဟိုကစားပြီ

ရီယိုဒီဂျနေးရိုး မေ ၂

ဖလာမင်ဂိုကလပ် ကွင်းလယ်ကစားသမား ရော်နယ်ဒင်ဟိုရှုချို သည် ဒူးဒဏ်ရာသက်သာလာပြီဖြစ်ရာ ပြန်လည်ကစားနိုင်ပြီ ဖြစ်ကြောင်း၊ ပွဲစဉ်များ ဆက်တိုက်ကစားရန် အသင့်ရှိနေပြီဖြစ်ကြောင်း ၎င်းကလပ်နည်းပြ လူဇင်ဘူရာရိုက ပြောကြားသည်။

ရော်နယ်ဒင်ဟိုရှုချိုသည် ဧပြီ ၂၀ ရက်က ကစားခဲ့သည့် ဘရာဇီးဖလား ၁၆ သင်းအဆင့်ပထမအကျော့ပွဲစဉ်အဖြစ် ဟော်ရီဇွန်တီ အသင်းနှင့် ကစားခဲ့သည့်ပွဲ၌ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဆုံးဖြတ်ခဲ့

ဖလာမင်ဂိုအသင်းသည် ဗာစကိုဒဂါးမားအသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ရော်နယ်ဒင်ဟို ပါဝင်ကစားခဲ့သည်။ ထိုသို့ ပါဝင်ကစားရန်လည်း ဖလာမင်ဂိုအသင်းနည်းပြ လူဇင်ဘူရာရိုက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဆီဗီလာနှင့် မာလာဂါတို့ အမှတ်ပြည့်သိမ်းယူခဲ့သည့် လာလီဂါပွဲစဉ်

အာကာဟိန်း စုစည်းသည်

မက်ဒရစ် မေ ၂

စပိန်လာလီဂါပွဲစဉ်များကို မတ် ၂ ရက် နံနက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ လီဗန်တေးနှင့် စပို့တင်းဂီဂျွန်တို့ သရေပွဲဖြစ်ပြီး မာလာဂါနှင့် ဟာကျူလက်စ်တို့ပွဲ၌ မာလာဂါက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(အောက်ပုံ)**

မာလာဂါနှင့် ဟာကျူလက်စ်တို့ပွဲတွင် အိမ်ရှင်မာလာဂါတို့ ချေပဂိုးနှင့်အနိုင်ဂိုးများကို နောက်မှလိုက်သွင်းပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဟာကျူလက်စ်အတွက် အဖွင့်ဂိုးကို ပွဲချိန်သုံးမိနစ်၌ ဗာလ်ဒက်စ်က သွင်းယူပေးခဲ့သည်။

မာလာဂါအတွက် ချေပဂိုးကို ပွဲချိန်လေးမိနစ်၌ ဘာတစ္စတာက သွင်းယူခဲ့ပြီး ဒုတိယဂိုးကို ရွန်ဒွန်က ၇၂ မိနစ်၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မာလာဂါအတွက် တတိယဂိုးကို ပွဲချိန် ၇၅ မိနစ်၌ ဘာတစ္စတာကပင် သွင်းယူပေးခဲ့သဖြင့် မာလာဂါတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အယ်မီရီးရားနှင့် ဆီဗီလာတို့ပွဲတွင် ဆီဗီလာတို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆီဗီလာအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၅၇ မိနစ်၌ ရီနာတိုက သွင်းယူပေးခဲ့သည်။

ရေးဆင်းနှင့် မာယော့ကာတို့ပွဲတွင် ရေးဆင်းတို့က နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ရေးဆင်းအတွက်ဂိုးများကို ရှိဆင်ဘတ်က ပွဲချိန် ၁၂ မိနစ်၌ တစ်ဂိုး၊ ကင်နီဒီက ၄၂ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဗီလာရီးရဲနှင့် ဂီတာဖေးတို့ပွဲတွင် ဗီလာရီးရဲက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

လီဗာပူးအသင်း ကပ္ပတိန် ဂျရတ်။

ဂျရတ် ခြေစမ်းပွဲများ မကစားနိုင်

လန်ဒန် မေ ၂

လီဗာပူးအသင်း ကပ္ပတိန်ဂျရတ်သည် ပေါင်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားသဖြင့် ယခုနှစ်ရာသီကုန်အထိ ဘောလုံးပွဲစဉ်၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း၊ ရာသီကြိုခြေစမ်းပွဲများ၌လည်း ပါဝင်နိုင်ဖွယ်မရှိကြောင်း ၎င်းက မေ ၂ ရက်၌ အတည်ပြုပြောကြားသည်။

အနားယူနေရ

အသက် ၃၀အရွယ်ရှိ ဂျရတ်သည် လီဗာပူးကလပ်တွင် အချိန်ကြာမြင့်စွာ ပထမဆုံးအကြိမ်အဖြစ် အနားယူနေရခြင်းဖြစ်သည်။ ဂျရတ်သည် ပြီးခဲ့သည့် မတ် ၆ရက်က မန်ယူအပေါ် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲ၌ ပေါင်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ဘောလုံးအသင်းအတွက် ပွဲပေါင်း ၈၉ပွဲကစားပေးထားသော ဂျရတ်သည် လာမည့်ဘောလုံးရာသီ၌ လီဗာပူးအတွက် ကြံ့ခိုင်မှုအပြည့်ဖြင့် တက်ကြွစွာ ပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဘာစီလိုနာနှင့် ရီးရဲတို့ အပြိုင်ရှုံးနိမ့်ခဲ့ကြ

ဘာစီလိုနာ မေ ၂

ပြီးခဲ့သည့် မေ ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြသော စပိန်လာလီဂါပွဲစဉ်တွင် နာမည်ကြီးဘာစီလိုနာနှင့်ရီးရဲမက်ဒရစ်တို့ ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့ကြသည်။

နှစ်သင်းစလုံး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် ခြေပန်းလူပန်းဖြစ်ခဲ့ပုံရသည်။ ဘာစီလိုနာက ရီးရဲဆိုစီဒက်ကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည်။ **(အပေါ်ပုံ)** ထိုစဉ်အတွင်း ရီးရဲမက်ဒရစ်က အိမ်ကွင်း၌ ရီးရဲဇာရာဂိုဇာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သည်။

ဧည့်သည် ဇာရာဂိုဇာအသင်းမှ စပိန်တောင်ပံကစားသမား အိန်ဂျယ်လာဖီတာက ပထမပိုင်းပွဲပြီးရန် လေးမိနစ်အလိုတွင် တစ်ဂိုး ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၅ မိနစ်တွင် ဂါဘီက ဇာရာဂိုဇာအတွက် ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး ခုနစ်မိနစ်အကြာ မီဆွတ်အိုဇေးလ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ဆာဂျီယိုရာမို့စ်က ခေါင်းတိုက်ချေပဂိုးသွင်းယူခဲ့သည်။ သို့သော် ပွဲပြီးရန် ၁၃ မိနစ်အလို လာဖီတာက တစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ပွဲပြီးရန် ခြောက်မိနစ်အလိုတွင် ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာက ရီးရဲမက်ဒရစ်အတွက် ဒုတိယမြောက်ချေပဂိုး သွင်းယူခဲ့သည်။

စပိန်လာလီဂါ ပွဲစဉ် (၃၄)အပြီး ဘာစီလိုနာက ရီးရဲမက်ဒရစ်ထက် ရှစ်မှတ်အသာရထားသည်။ ၎င်းတို့နှစ်သင်းသည် လာမည့် မေ ၃ ရက်ညပိုင်းတွင် ဘာစီလိုနာအိမ်ကွင်း၌ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးတို့မျှော်လင့်ချက် ပြန်လည်ရှင်သန်လာပြီ

မြင့်မောင်စိုး စုစည်းသည်

လန်ဒန် မေ ၂

ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၅)ကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ချယ်လ်ဆီးအသင်းအတွက် ဖလားရရှိရေး မျှော်လင့်ချက်အိပ်မက်ပြန်လည်ရှင်သန်လာသည်ကို တွေ့ရပေသည်။

ချယ်လ်ဆီးက သူ့ကွင်းတွင် စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ အမှတ်ပေးဇယားတွင်ဦးဆောင်နေသော မန်ယူက အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မန်ယူနှင့် ချယ်လ်ဆီး သုံးမှတ်သာ ကွာတော့သည်။ လာမည့် သီတင်းပတ်တွင်လည်း ချယ်လ်ဆီးက မန်ယူကို သူ့အိမ်ကွင်းမှာ လက်ခံကစားဦးမည်ဖြစ်သည်။ ချယ်လ်ဆီးတို့ အိမ်ကွင်းတွင် အနိုင်ကစားနိုင်မည်ဆိုပါက မန်ယူနှင့် အမှတ်တူသွားနိုင်သည်။ ချယ်လ်ဆီးတို့ ယင်းအခွင့်အရေးကို စနစ်တကျ အသုံးချနိုင်လျှင် ဖလားပြန်လည်ရရှိရေး အိပ်မက်မှာ လက်တွေ့ ဖြစ်လာနိုင်စရာရှိသည်။

မနားတမ်း

ပြီးခဲ့သည့် ဧပြီ ၃၀ ရက်က ယှဉ်ပြိုင်သွားခဲ့သော ချယ်လ်ဆီး-စပါးပွဲတွင် စပါးက ဦးဆောင်ဂိုးစသွင်းခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၁၉ မိနစ်မှာ ဘရာဇီး ကွင်းလယ်ကစားသမား ဆန်ဒရိုက ၂၅ ကိုက်အကွာမှ မနားတမ်းကန်သွင်းလိုက်ရာ ချယ်လ်ဆီးဂိုးသမား ပီတာချက် ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးဝင်သွားခဲ့သည်။ သို့သော် ပထမပိုင်းပြီးခါနီးတွင် ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ်အဝေးမှ ခပ်ပြင်းပြင်း ကန်သွင်းလိုက်ရာ စပါးဂိုးသမား ဂိုမက်လက်ထဲမှ လွတ်ထွက်ကာ ခြေနှစ်ချောင်းကြားမှ ဘောလုံးမှာ တဖြည်းဖြည်းချင်း လိမ့်ဝင်သွားသည်။

ချေပဂိုးရရှိ

ဂိုးသမားဂိုမက် အချိန်မီ ဘောလုံးကို လက်ဖျားနှင့် လှမ်းဆွဲခဲ့သော်လည်း ဂိုးစည်းကျော်သွား၍ စည်းကြပ်ဒိုင်က ဂိုးဝင်ကြောင်း အချက်ပြလိုက်သဖြင့် ချယ်လ်ဆီးတို့ ချေပဂိုးရရှိခဲ့သည်။

သွင်းယူ

ဒုတိယပိုင်းတွင် လူစားဝင်လာသူ ဆော်လမွန်ကာလူးက ဒရော့ဘာ ဖြတ်ပေးသည့် ဘောလုံးမှတစ်ဆင့် ပွဲပြီးရန် တစ်မိနစ်အလိုတွင် သွင်းယူသွားခဲ့သည်။

ပြီးခဲ့သည့် မေ ၁ ရက်က အာဆင်နယ်နှင့်မန်ယူတို့ယှဉ်ပြိုင်ကစားခဲ့ရာမှာ အာဆင်နယ်က အိမ်ကွင်းတွင် ရမ်ဆေး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် မန်ယူကို အနိုင်ယူလိုက်သည်။ ပွဲစဉ် (၃၅) အပြီး မန်ယူက ရမှတ် ၇၃ မှတ်၊ ချယ်လ်ဆီးကရမှတ် ၇၀ နှင့် အာဆင်နယ်က ၆၇ မှတ်ဖြင့် အသီးသီး ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

ချယ်လ်ဆီးအတွက် အနိုင်ဂိုးကို ကာလူးက ဤသို့သွင်းယူပေးခဲ့သည်။

ပြည်သူများ နားသောတဆင်နိုင်ရန် FM အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိ

နေပြည်တော် မေ ၂

ပြည်တွင်း၊ ပြည်ပသတင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်အတွက် FM ရေဒီယိုအသံလွှင့်အစီအစဉ်များအား နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိရာ အဆိုပါ FM အစီအစဉ်ထုတ်လွှင့်မှုများကို ဖမ်းယူနားဆင်နိုင်ရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

(ယမန်နေ့မှအဆက်)

ပတ္တမြား FM ထုတ်လွှင့်မှုအခြေအနေ

FM	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန် မှ	ထိ	လှိုင်းနှုန်း	ဖမ်းယူရရှိသည့် မြို့နယ်များ
ပတ္တမြား FM	စစ်ကိုင်း	၀၅း၀၀	၂၃း၀၀	၈၉.၉ MHz	စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ ရွှေဘို၊ အရာတော်၊ ဝက်လက်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်
	မြစ်ကြီးနား/ ပိုင်းမော်			၈၈.၉ MHz	မြစ်ကြီးနား၊ ပိုင်းမော်
	မုံရွာ			၈၈.၆ MHz	မုံရွာမြို့၊ ပုလဲ၊ ယင်းမာပင်၊ ချောင်းဦး၊ မင်းတိုင်ပင်၊ ဆားလင်းကြီး
	ကန့်ဘလူ			၈၆.၆ MHz	ကန့်ဘလူနှင့် အနီးတစ်ဝိုက်
	ဗန်းမော်			၈၈.၉ MHz	ဗန်းမော်၊ မံစီ၊ မိုးမောက်
	နမ္မား			၈၈.၉ MHz	နမ္မားမြို့နယ်
	ပျဉ်းမနား			၁၀၃ MHz	နေပြည်တော်နှင့် အနီးတစ်ဝိုက်
	ကသာ			၈၈.၆ MHz	ကသာမြို့နယ်
	ပဲခူး			၉၁.၃ MHz	ပဲခူးမြို့နယ်၊ အင်းတကော်၊ သနပ်ပင်၊ ဘုရားကြီး၊ ပျဉ်ပုံကြီး၊ ပြွန်တန်ဆာ၊ ကဝ၊ ဒိုက်ဦး၊ ဥက္ကံ၊ ဖောင်းတူ
	ပုပ္ပား			၉၀.၇ MHz	မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ မလှိုင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ချောက်၊ စလင်း၊ ရေနံချောင်း၊

ချယ်ရီ FM ထုတ်လွှင့်မှုအခြေအနေ

FM	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန် မှ	ထိ	လှိုင်းနှုန်း	ဖမ်းယူရရှိသည့် မြို့နယ်များ
ချယ်ရီ FM	တောင်ကြီး	၀၅း၀၀	၂၃း၀၀	၈၉.၈ MHz	တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ဟိုပုန်း၊ ပင်းတယ၊ လွိုင်လင်၊ နမ့်စန်(တောင်)၊ ရပ်စောက်
ချယ်ရီ FM	ကွမ်းလုံ			၈၉.၈ MHz	ကွမ်းလုံ၊ ဟိုပန်
	လောက်ကိုင်			၈၉.၈ MHz	လောက်ကိုင်မြို့၊ ချင်းရွှေဟော်
	လားရှိုး			၈၉.၈ MHz	လားရှိုးမြို့
	တာချီလိတ်			၈၉.၈ MHz	တာချီလိတ်မြို့၊ မယ်ဆိုင်
	ကျိုင်းတုံ			၈၉.၈ MHz	ကျိုင်းတုံမြို့နယ်
	လွိုင်ကော်			၈၉.၅ MHz	လွိုင်ကော်၊ ဒီမော့ဆို၊ ဖယ်ခုံ၊ မိုးဗြဲ၊ ငွေတောင်၊ ဖရူဆို
	ရန်ကုန်			၉၂.၂ MHz	ရန်ကုန်တိုင်းဒေသကြီး
	ပြင်ဦးလွင်			၈၉.၈ MHz	ပြင်ဦးလွင်၊ မန္တလေး
	မူဆယ်			၈၉.၅ MHz	မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်၊ ပန်ဆိုင်း၊ ကျယ်ဂေါင်၊ ရွှေလီ

FM Bagan ထုတ်လွှင့်မှုအခြေအနေ

FM	ထုတ်လွှင့်သည့် ဒေသများ	ထုတ်လွှင့်ချိန် မှ	ထိ	လှိုင်းနှုန်း	ဖမ်းယူရရှိသည့် မြို့နယ်များ
FM Bagan	မင်းဘူး	၀၇း၀၀	၁၉း၀၀	၈၉.၈ MHz	မင်းဘူး၊ မကွေး၊မင်းလှ၊ စကု၊ ပွင့်ဖြူ၊ ရေနံချောင်း၊ ကျောင်းတော်ရာ၊ မင်းဘူးနှင့် မိုင်(၃၀)ပတ်လည်
	ဟားခါး			၈၉.၈ MHz	ထန်တလန်၊ တီးတိန်၊ ဟားခါးမြို့၊ ဖလမ်းမြို့အနီးတစ်ဝိုက် မိုင် (၃၀)ပတ်လည်
	ပုပ္ပား			၈၈.၃ MHz	ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ ပုပ္ပား၊ ဝဲလောင်၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ တောင်သာ
	ဂန့်ဂေါ			၈၉.၂ MHz	ဂန့်ဂေါ၊ ကလေး၊ ကလေးဝ၊ တမူး

ဟသ်ာတမြို့ စိမ်းလန်းသာယာရေးအတွက် ဗိုလ်မြတ်ထွန်းလမ်း လမ်းဘေး ဝဲယာ တစ်လျှောက် ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ဆောင်ရွက်စဉ်။
(သတင်းစဉ်)

သိပ္ပံနည်းကျ စပါးစိုက်ပျိုးရေးနည်းစနစ် (၁၄)ချက် တောင်သူများသို့ ရှင်းလင်းဆွေးနွေး

တွံတေး မေ ၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် တွံတွေးမြို့နယ်တွင် သိပ္ပံနည်းကျ စပါးစိုက်ပျိုးရေးနည်းစနစ်(၁၄)ချက်အား တောင်သူများသို့ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်တွင် တမာတကော ကျေးရွာအုပ်စု လေးအိမ်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲသို့ တမာတကောကျေးရွာအုပ်စု၊ ပဒါန်ရေကျော် ကျေးရွာအုပ်စု၊ တမံကြီးကျေးရွာအုပ်စုများမှ တောင်သူ ၈၀ တက်ရောက်ပြီး တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ဆွေးနွေးပွဲ ပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းသည်။ ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမျိုးသူက သိပ္ပံနည်းကျ စပါးစိုက်ပျိုးရေးနည်းစနစ်(၁၄)ချက်ကို ရှင်းလင်းဆွေးနွေးကာ တောင်သူများက ပြန်လည်ဆွေးနွေးကြသည်။ အလားတူ ကျန်ကျေးရွာများတွင်လည်း ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန် နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်း ကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကားဘော်ဒီရုံများ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သီရိဇေယျာလမ်းရှိ ကားဘော်ဒီရုံများသည် ကားဘော်ဒီထုရိုက်သံများ ပတ်ဝန်းကျင် နားမခံနိုင်အောင် နေ့စဉ် ပြုလုပ်နေသည့်အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသဖြင့် အဆိုပါကားဘော်ဒီရုံများအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဇဝနရပ်ကွက်သား

ကြက်ခြံမှ အနံ့ဆိုး ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

အောင်လံမြို့ စမ်းချောင်းရပ်ကွက် (၁၇)လမ်း ကမ်းနားလမ်းရှိ အိမ်တစ်အိမ်၏ ကြက်မွေးမြူရေးခြံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ကြက်ခြံသန့်ရှင်းမှုရှိရေး လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ကြေးအိုးဆီချက်ညှော်နံ့ ပတ်ဝန်းကျင် မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၈)ရပ်ကွက် မဟာဗန္ဓုလလမ်းမပေါ် ၃၉လမ်းနှင့် လမ်း ၄၀ ကြား တိုက်အမှတ် ၃၄၀ မြေညီထပ်ရှိ အခန်းတစ်ခန်းတွင် ဖွင့်လှစ်ထားသော ကြေးအိုးဆီချက် စားသောက်ဆိုင်မှ မီးခိုးနံ့၊ ကြော်လှော်နံ့များကို နေ့စဉ် ပြုလုပ်နေသောကြောင့် ပတ်ဝန်းကျင် နေထိုင်သူများကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေထိုင်သူများ

အရက်ဆိုင်မှ ဆူညံသံ နားမခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု မြယာရိုး အမှတ် (၆) နယ်မြေအတွင်းရှိ လိုင်စင်မဲ့ အရက်ဆိုင်မှ သောက်သုံးသူများ၏ ဆူညံသံကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ကြက်ခြံမှ အနံ့ဆိုးကိစ္စ ဆောင်ရွက်ပြီးစီး

၁၈-၄-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာရှိ ကြက်မွေးမြူရေးခြံမှ ကြက်ချေးအနံ့ဆိုး ထွက်ရှိ** ပေးစာနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

မိုးကာလနှင့် လျှပ်စစ်အန္တရာယ်

ကိုရွှေသိမ်းအေး
(ငါးသိုင်းချောင်း)

ယခုနှစ်တွင် ဧပြီလမှစ၍ အချိန်အခါမဟုတ်မိုးရွာသွန်းခဲ့လေသည်။ ထိုကာလအတွင်း ဓာတ်လိုက်မှုကြောင့် အသက်အန္တရာယ် ဖြစ်ပေါ်ခဲ့ရကြောင်း သတင်းစာတွင် ဖတ်ခဲ့ရပါသည်။

ပုသိမ်မြို့ ဈေးကြီးအနီးတွင် လေမိုးပြင်းထန်မှုကြောင့် ညအချိန်မတော် ဓာတ်ကြိုးပြုတ်ကျနေရာမှ နံနက်စောစော မုန့်ဟင်းခါးရောင်းသောဈေးသည်များမှာ အဆိုပါကြိုးကိုဖယ်ရှားစဉ် ဓာတ်လိုက်သေဆုံးမှု ဖြစ်ပေါ်ခဲ့လေသည်။

အများပြည်သူများ ဗဟုသုတရရှိပြီး ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် သတင်းစာမှ အလားတူသတင်းမျိုး အမြဲမပြတ်ဖော်ပြလျက်ရှိသည်။

သကြိန်အပြီး မိုးကြိုကာလတွင် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အများပြည်သူများသိရှိကြစေရေးအတွက် လျှပ်စစ်ဝန်ထမ်းတစ်ဦးဖြစ်သူ စာရေးသူအနေဖြင့် ရေးသားရန် စိတ်ကူးမိပါသည်။

လျှပ်စစ်ဌာနသည် နှစ်စဉ်မိုးကြိုကာလနှင့် မိုးကျပြီးကာလများတွင် လမ်းဘေးဓာတ်အားလိုင်းများ၊ ဓာတ်တိုင်များ၊ ထရန်စဖော်မာများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကြရပေသည်။ ဓာတ်တိုင်များ ယိုင်မယိုင်၊ သစ်တိုင်ဖြစ်ပါက အောက်ခြေမှ ခြစားမစား၊ သံတိုင်များပင် သံချေးစားလျှင် ပြုတ်လဲနိုင်သဖြင့် စစ်ဆေးပြုပြင်ကြရပေသည်။ ကြေးသီး၌ချည်သော လိုင်းကြိုးများ ပြုတ်မပြုတ်၊ ကြွေသီးကွဲမကွဲ၊ ခရော့အမ်းများ ဆွေးမဆွေး ကြိုတင်စစ်ဆေးပြုပြင်ရပေသည်။

လေပြင်းတိုက်ခတ်၍ သစ်ပင်သစ်ကိုင်းကျိုးကျကာ ဓာတ်ကြိုးများ ပြုတ်ကျလျှင် မီးချက်ချင်းပြတ်တောက်ပြီး ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဓာတ်အားလိုင်းများတွင် အပ်ကွင်း (Earth Ring)၊ အပ်ဘား(Earth Bar) များ ကြိုတင်စစ်ဆေးပြုပြင်ရပေသည်။

လူစည်ကားရာအရပ်၊ ရထားလမ်း၊ ကားလမ်း၊ ဈေးများတွင် ဓာတ်အားလိုင်းအောက်များမှာ လိုင်းပုခက်များတပ်ဆင်ရန်လိုအပ်ပြီး အဆိုပါ လိုင်းပုခက်များ၌ အပ်မိစေရန် မြေစိုက်ကြိုးများတပ်ဆင်ပေးရန် အရေးကြီးလှပေသည်။ အန္တရာယ်ရှိသောနေရာများ၌ Danger Volt သတိပေးဆိုင်းဘုတ်များ ရေးသားထားရန် လိုအပ်ပေသည်။

မြို့တွင်း ဓာတ်အားဖြန့်ဖြူးသည့်လိုင်းများမှာ ကျယ်ပြန့်လှသဖြင့် လျှပ်စစ်ဝန်ထမ်းများ နှံ့စပ်အောင်မရောက်နိုင်သည့် လမ်းကြိုလမ်းကြားများတွင် လူတစ်ရပ်မလွတ်အောင် ဓာတ်အားလိုင်းများ အိတွဲကျနေပါက လူများအန္တရာယ်ရှိနိုင်၍ အများပြည်သူကတာဝန်သိစွာ လျှပ်စစ်ဌာနသို့သတင်းပေးပို့ရန် အရေးကြီးပါသည်။

မိုးကြိုကာလတွင် လျှပ်စီးများလက်ခြင်း၊ မိုးကြိုးများပစ်ခြင်းဖြစ်ပေါ်ပါက လျှပ်စစ်ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်ကိရိယာများ၊ လိုင်းကြွေသီးများသို့ လောင်ကျွမ်းပျက်စီးစေပါသည်။

သို့ပါ၍ မိုးကြိုးလွှဲများ စနစ်တကျတပ်ဆင်ထားပါက မိုးကြိုးမှလာသော ဓာတ်အားကို မိုးကြိုးလွှဲများက လွှဲဖယ်ပေးခြင်းဖြင့် ကာကွယ်နိုင်ပေသည်။

မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လျှပ်စီးလက်၍ မိုးခြိမ်းမိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ချိန်တွင် အိမ်တွင်း ပင်မခလုတ်ကြီးအား ပိတ်ထားသင့်ပေသည်။ သို့မဟုတ်ပါက မိုးကြိုးလျှပ်စီးများသည် ဓာတ်အားလိုင်းမှတစ်ဆင့် အိမ်တွင်းသို့စီးဝင်ကာ မီတာနှင့်လျှပ်စစ်ပစ္စည်းများ လောင်ကျွမ်းပေါက်ကွဲ ပျက်စီးတတ်ပါသည်။

ဓာတ်အားခွဲရုံများသို့ သွယ်တန်းထားသည့် ဓာတ်လိုင်းများမှာ ဗို့အားမြင့်မားလှပြီး တောလမ်းများ၊ ဥယျာဉ်ခြံများ၊ အင်းအိုင်ချောင်းမြောင်း၊ လယ်ကွင်းများသို့ ဖြတ်သန်းတည်ဆောက်ထားရပါသည်။ သို့ဖြစ်၍ ငှက်ပျောတောများ၊ ဝါးရုံပင်ကြီးများ၊ အခြားသစ်ပင်ကြီးများနှင့် ထိစပ်နေတတ်သဖြင့် မိုးကြိုကာလတွင် ကြိုတင်ရှင်းလင်းထားရပေမည်။

ဓာတ်အားလိုင်းများ မြစ်ချောင်းများပေါ်သို့ ပြုတ်ကျခြင်း၊ သစ်ပင်သစ်ကိုင်းများနှင့် ထိစပ်နေခြင်းဖြစ်ပေါ်ပါက လူများ၊ ကောက်စိုက်သမားများ၊ ကျွဲနွားများ အစုလိုက်အပြုံလိုက်သေတတ်သဖြင့် အများပြည်သူက လျှပ်စစ်ဌာနသို့ အရေးပေါ်သတင်းပေးပို့ရန် လိုအပ်ပေသည်။

လျှပ်စစ်ဓာတ်ကြိုးများနှင့်ပတ်သက်၍ ဈေးကွက်အတွင်း၌ ရောင်းချလျက်ရှိသော အချို့သောဓာတ်ကြိုးအများစုမှာ နည်းပရိယာယ်အမျိုးမျိုးကိုသုံးပြီး စံချိန်စံညွှန်းညံ့ဖျင်းသောပစ္စည်းများ ဖြန့်ဖြူးလျက်ရှိနေသည်ကို တွေ့ရှိနေပေရာ အများပြည်သူတို့၏ အသက်စည်းစိမ်၊ ဥစ္စာနေတို့ ပျက်စီးစေနိုင်ခြင်း အန္တရာယ်ရှိနေကြောင်း စာရေးသူတို့၏ သင်တန်းဆရာ ဦးဖေသိန်း (လျှပ်စစ်ကျွမ်းပြုဆရာ)မှ မြန်မာ့အလင်းသတင်းစာတွင် စေတနာဖြင့် ရေးသားသတိပေးခဲ့ဖူးပါသည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများသည် ဓာတ်တိုင်မှ အိမ်သို့ သွယ်တန်းသော ဆားဗစ်ကြိုးနှင့်အိမ်တွင်းဝိုင်ယာကြိုးများ သွယ်တန်းတပ်ဆင်ရာတွင် စံချိန်စံညွှန်းပြည့်မီသော မီးကြိုးများဖြစ်ရန်အတွက် ကျွမ်းကျင်သော လျှပ်စစ်ဝန်ထမ်းများနှင့်သာ ဆောင်ရွက်သင့်လှပေသည်။

စိုစွတ်သော မိုးကာလများတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန် အောက်ပါအချက်များကို အထူးလိုက်နာရန် လိုအပ်ပေသည်-

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။ မိုးကာလတွင် ဓာတ်တိုင်မှ အိမ်သို့သွယ်တန်းထားသော ဆားဗစ်ကြိုးများ ဟောင်းနွမ်းဆွေးမြည့် ပေါက်ပြဲနေပါက အိမ်တံစက်မြိတ်သွပ်စပ်နှင့်လည်းကောင်း၊ သံဆန်ခါများနှင့်လည်းကောင်း ထိစပ်နေလျှင် လျှပ်စစ်စီးဝင်ကာ ဓာတ်လိုက်သေဆုံးမှုများ၊ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုများ ဖြစ်ပွားတတ်ပါသည်။

(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။

(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် သို့မဟုတ် လျှပ်စစ်မီးပြတ်သွားလျှင် ခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။

လျှပ်စစ်ကွိုင်မီးဖိုဖြင့် ထမင်းဟင်းချက်နေစဉ် မီးပြတ်သွားသည့်အခါ မီးခလုတ်ပိတ်ရန် မေ့သွားတတ်ပါသည်။ မီးပြန်လာသောအခါ မီးလောင်မှုများဖြစ်တတ်သဖြင့် မီးပြတ်လျှင် ချက်ချင်းခလုတ်ပိတ်သည့်အလေ့အကျင့် လုပ်ရပေမည်။ ကွိုင်မီးဖိုသည် အပူပြင်းလွန်းသဖြင့် ချက်ပြုတ်နေစဉ် လူက အခြားတစ်ပါးသို့မသွားဘဲ အနီးတွင် ရှိနေရပေမည်။

(ဃ) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်နေလျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။ အင်္ဂတေခင်းသောအိမ်များတွင် ဖိနပ်ဝတ်၍ လျှပ်စစ်ခလုတ် အဖွင့်အပိတ်လုပ်ပါ။

(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။ မလိုအပ်လျှင် လျှပ်စစ်မီးများနှင့် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားခြင်းဖြင့် မီတာခချွေတာခြင်းနှင့် ဝိုင်ယာရှော့ခ်ဖြစ်ခြင်းမှလည်း ကာကွယ်ပြီးသား ဖြစ်နေပါသည်။

(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးစွဲပါနှင့်။

(ဆ) လမ်းများတွင် ဓာတ်ကြိုးများပြုတ်ကျပါက ကိုင်တွယ်ခြင်းမပြုပါနှင့်။ လျှပ်စစ်ဌာနသို့ အမြန်သတင်းပေးပို့ရပါမည်။

(ဇ) မတော်တဆဓာတ်လိုက်ခံရသူအား အဝတ်ခြောက်ဖြင့်ပတ်၍ အမြန်ဆွဲခွာပါ။ လူချင်းထိမဆွဲရ။

(ဈ) ညအချိန် အိပ်ရာဝင်လျှင် လျှပ်စစ်မီးများ ဘက်ထရီအားသွင်းစက်များ၊ တီဗွီ၊ ရေခဲသေတ္တာ၊ မီးဖို၊ မီးပူစသည့် လျှပ်စစ်ပစ္စည်းများ ပိတ်မပိတ်စစ်ဆေးပြီး ပိတ်အိပ်သည့်အလေ့အကျင့် ပြုလုပ်ခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

လက်တွေ့အမှုစစ်လုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲ

မိုးညှင်းခရိုင်၌ ကျင်းပ

မိုးညှင်း မေ ၂

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့နယ်များမှ ဒုတိယရဲအုပ်(အမှုစစ်) အရာရှိများ လက်တွေ့အမှုစစ်လုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

အလုပ်ရုံဆွေးနွေးပွဲကို ဒုတိယရဲအုပ်(အမှုစစ်) ၃၁ ဦး တက်ရောက်ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဦး(**အပေါ်ဝဲပုံ**)၊ ရဲမှူးအောင်သန်း၊ မြို့နယ်တရားသူကြီး ဦးရွှေမောင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးတင်လှိုင်တို့က လက်တွေ့အမှုစစ်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မိုးညှင်းမြို့နယ် အင်ကြင်းကုန်း-ညောင်ကုန်းကျေးရွာချင်းဆက်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဧပြီ ၇ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၂)ရပ်ကွက် အောင်သိဒ္ဓိလမ်းတွင် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဧပြီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဧပြီ ၃ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များကြွံခိုင်မှုကို ဧပြီ ၁၀ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇလွန်မြို့နယ် ပျဉ်းမကုန်းရှမ်းစုကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဧပြီ ၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမည်မှန်

ကျိုင်းတုံမြို့၊ အထက-၃၊ စတုတ္ထတန်းမှ စိုင်းရှဲန်တစ်ပ်၏ အမည်မှန်မှာ စိုင်းအောင်ငင်း ဖြစ်ပါကြောင်း။

မောင်စိုင်းအောင်ငင်း။

အမည်မှန်

ကျိုင်းတုံမြို့၊ ကျိုင်းငမ်းရပ်နေ နန်းရှဲန်အွန် ၁၃/ကတန(နိုင်)၀၉၂၂၆၅ ၏ အမည်မှန်မှာ နန်းဟွမ်ငင်းဖြစ်ပါကြောင်း။ **မနန်းဟွမ်ငင်း။**

အမည်ပြောင်း

ဦးဇော်ဝင်း၏သမီး တောင်ငူမြို့နေ မခင်နန္ဒာ ၇/တငန(နိုင်)၁၂၃၃၃၀အား ယနေ့မှစ၍ မနဒီကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

နဒီကျော်(တောင်ငူ)။



မြန်မာ့အလင်းသတင်းစာ ကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မေ ၂

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာ ဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။ (မြန်မာ့အလင်း)**

ဆောက်လုပ်ရေးကုမ္ပဏီများမှ အင်ဂျင်နီယာသင်တန်းသားများခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)တွင် လုပ်ငန်းခွင်အင်ဂျင်နီယာ(မြို့ပြ)ပြင်ပသင်တန်းကို ဆောက်လုပ်ရေးကုမ္ပဏီများမှ အင်ဂျင်နီယာများအား ဝါရင့်ကျွမ်းကျင်ဆရာများဖြင့် ၂၀၁၁ ခုနှစ် မေလအတွင်း ငါးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဌာနမှ သင်တန်းပြီးဆုံးကြောင်း လက်မှတ်ပေးအပ်သွားမည်ဖြစ်ပါသည်။

၂။ ပညာအရည်အချင်းသတ်မှတ်ချက်မှာ B.E/A.G.T.I (Civil) ဖြစ်ပါသည်။

၃။ တက်ရောက်လိုသူများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၊ အုပ်ချုပ်ရေးမှူး၊ ဖုန်း-၀၁-၅၆၃၅၄၃/၅၆၃၅၄၅ တို့သို့ အသေးစိတ်အချက်အလက်များအား လာရောက်စုံစမ်းမေးမြန်း၍ စာရင်းပေးသွင်းနိုင်ပါသည်။

အုပ်ချုပ်ရေးမှူး
ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)
ဆောက်လုပ်ရေးဝန်ကြီးဌာန။

အိမ်နှင့်မြေကွက်များ ရောင်းမည်။

(၁) အနောက်မြင်းပြိုင်ကွင်းလမ်းမကြီးပေါ် (တာမွေအဝိုင်းထိပ်အနီး) BR နှစ်ထပ် 440 Power+ရိုးရိုးမီတာ နှစ်လုံး၊ ပေ(၂၀×၄၀)အကျယ်၊ ဂရန်မြေနှင့်အိမ်၊ အရှေ့လှည့် (စီးပွားရေးလုပ်ရန် ကောင်း)။

(၂) ကျောက်မြောင်း၊ တာမွေမြို့နယ်၊ သုခလမ်း(အပေါ်ပိုင်း)၊ ၂၅ပေ×ပေ၅၀ အကျယ်၊ ဂရန်မြေကွက်၊ သီးသန့်။

(၃) လေးထောင့်ကန်လမ်းမကြီးပေါ်၊ တာမွေမြို့နယ်၊ ၃၆ပေ×ပေ၉၀×၅၅ပေအကျယ်၊ ဂရန်မြေသီးသန့်၊ ထောင့်ကွက် (ဟိုတယ်စီးပွားရေးကောင်း)။

ဖုန်း-၀၉-၇၃၀၂၈၈၈၃၊ ၀၉-၇၃၂၂၉၉၅၉၊ ၀၉-၅၀၀၉၉၅၉၊ ၀၉-၈၆၁၃၆၀၃။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ T.CC ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ လူနေရပ်ကွက်အမှတ်-ကမာရွတ်၊ မြေကွက်အမှတ်(၂၀အေ/၈-၄)၊ ဧရိယာ ၀ ဒသမ ၀၆၁၈ဧက၊ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးမှာ ဦးမျိုးနိုင် ၁၂/ပဇတ(နိုင်)၀၂၅၇၀၁မှ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကို ဦးမျိုးနိုင်သည် ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာနွယ် ဒေါ်တင်တင်လှိုင်
(အထက်တန်းရှေ့နေ)စဉ်-၃၁၀၇၀ (တရားရုံးချုပ်ရှေ့နေ)စဉ်-၇၃၈၁
အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၄၀၈၁၄၊ ၀၉-၇၃၀၇၁၇၉၂။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ မင်းကြီးညို၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၇၅ နေ သားဖြစ်သူမောင်မျိုးဆွေ OTN-၁၂၉၅၅၇ သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင် - ဒေါ်အမိနာ(ခ)ဒေါ်တင်အေး ZTBN-၀၀၄၅၉၈။

ဆောက်လုပ်ဆဲတန်ဆောင်းအတွက် လှူဒါန်း

ရန်ကုန် မေ ၂

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်တွင် ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူးဆောက်လုပ်ဆဲ ၉၉၀၀ အာရုံခံတန်ဆောင်း ကွန်ကရစ်တိုင်တစ်လုံးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၇ရက် နံနက်က အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်း အဖွဲ့ရုံးခန်း၌ကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက်-စဉ့်ကူစိုးဝင်း)က အာရုံခံတန်ဆောင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နေ ကျေးဇူးရှင် ဖခင်ကြီး ဦးသောင်း (ရုပ်ရှင်အသံဖမ်း အင်ဂျင်နီယာ အေဝမ်းမြဇော်-ပြည်တော်အေး ရုပ်ရှင်)နှင့် ကျေးဇူးရှင် မိခင်ကြီး ဒေါ်သန်းခင်(ကြည့်မြင်တိုင်)တို့ ကွယ်လွန်သည့် နှစ်(၂၀)ပြည့်ကို ရည်စူးလျက် သမီးဖြစ်သူ ဒေါ်သန်းသန်းဝင်း (ကျောင်းအုပ်ဆရာမကြီး၊ အထက(၂) အင်းစိန်)နှင့် မောင်နှမတစ်စုက ကွန်ကရစ်တိုင်တစ်လုံးအတွက် ငွေကျပ် ၁၅၀၀၀၀နှင့် ဘိလပ်မြေဝယ်ယူရန် ငွေကျပ် ၂၀၀၀၀ ကို လှူဒါန်းပြီး ဒေါ်သန်းသန်းဝင်းက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားကာ အလှူငွေ ၁၇၀၀၀၀ကို အဖွဲ့နာယကဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းသည်။

(အပေါ်ပုံ)

အဆိုပါ အာရုံခံတန်ဆောင်းကြီးမှာ ကွန်ကရစ်တိုင်အတွက် လှူဒါန်းလိုသူများသည်ဦးစိုးဝင်း ဖုန်း-၆၄၃၈၂၆၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဦးအေးသီ ဖုန်း-၀၉-၅၁၈၀၁၂၀၊ ဦးသာထွေး ဖုန်း-၇၂၈၈၃၂နှင့် ဦးခင်မောင်ညွှန့် ၀၉-၅၀၈၁၉၁၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၀၁၇)**

မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်များအား မော်လမြိုင်မြို့နယ်၌ ရှောင်တခင်စစ်ဆေး

မော်လမြိုင် မေ ၂

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်ဦးဆောင်ပြီး ယာဉ်ထိန်းတပ်ဖွဲ့ (တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မထသနှင့် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၄ရက်မှ ဧပြီ ၂၂ရက်အထိ မော်လမြိုင်မြို့နယ် အဝင်၊ အထွက် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ စည်းကမ်းချက်နှင့်အညီ ပြေးဆွဲခြင်းရှိမရှိ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ယာပုံ)**

မော်လမြိုင်မြို့နယ်သို့ ဝင်၊ ထွက်သည့် ယာဉ်များကို ဧပြီ ၂၂ ရက်က မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် ရဲအုပ်လှထွန်းနှင့်အဖွဲ့က ဆွမ်းအုပ်အဝိုင်းတွင်လည်းကောင်း၊ ရဲအုပ်အေးမင်းနှင့်အဖွဲ့က ရုပ်တုအဝိုင်း၊ ဈေးလမ်းဆုံ၊ ငန်းတေး-ကျိုက်မရောသွားလမ်း၊ ကျိုက္ခမီအဝေးပြေးကားလမ်း၊ မြို့တွင်း လမ်းဆုံလမ်းခွများတွင် စစ်ဆေးမှုများ ပြုလုပ်ပြီး ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် ဦးထုပ်ဆောင်းခြင်း၊ ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်လိုင်စင်များကို ရှောင်တခင် စစ်ဆေးအရေးယူခဲ့သည်။

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်အတွင်း အရှိန်အဟုန်မြှင့် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ **(၁၀၇)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ တတိယမြောက် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး နေပြည်တော်၌ တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် မြို့ပြလေကြောင်းဆိုင်ရာ လေဆိပ်ပေါင်း ၃၃ ခု ရှိသည့်အနက် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် နှစ်ခုသာလျှင် နိုင်ငံတကာအဆင့်လေဆိပ်အဖြစ် သတ်မှတ်ထားရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်နီးချင်းနိုင်ငံများသို့ လေကြောင်းလိုင်း ၁၄ လိုင်း နေ့စဉ် ပျံသန်းပြေးဆွဲလျက်ရှိပြီး ပျံသန်းသည့် အခေါက်ရေအားဖြင့် ပျမ်းမျှ ၃၀ ပျံသန်းပို့ဆောင်ပေးလျက်ရှိသည်။ နေ့စဉ်ပျမ်းမျှ နိုင်ငံတကာခရီးသည် ၃၃၀၀ ကျော် ဝင်ထွက်လျက်ရှိပြီး ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတကာခရီးသည် စုစုပေါင်း ၁ ဒသမ၂ သန်းကျော် ဝင်ထွက်ခဲ့သဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

တည်ဆောက်ခဲ့

နေပြည်တော်၌ အာဆီယံဆိုင်ရာနှင့် အခြားနိုင်ငံတကာအစည်းအဝေးများ ကျင်းပခြင်း၊ ကျောက်မျက်ရောင်းချပွဲများ ပြုလုပ်ခြင်းနှင့် နောင်မကြာမီကာလများတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ (SEA GAMES)၊ အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပရန်ရှိရာ နေပြည်တော်သို့ နိုင်ငံတကာခရီးသွားများ ပိုမိုဝင်ရောက်ပြီး နောင်တိုးတက်ဖြစ်ထွန်းလာမည့် အခြေအနေများကို မျှော်မှန်း၍ စာမျက်နှာ ၈ ကော်လံ ၅ ■

၂၀၁၁ ခုနှစ် မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂

ပြီးခဲ့သည့် ဧပြီလအတွင်း မြန်မာနိုင်ငံအရပ်ရပ်၌ ရွာသွန်းခဲ့သော မိုးရွာရက်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် သုံးရက်မှ ခုနစ်ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၁ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ၁၅ ရက်ခန့်မှ ၁၈ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာသွန်းခဲ့သည်။

ကျော်လွန်

ဇန်နဝါရီ ၁ ရက်မှစ၍ ဧပြီလကုန်အထိ မြန်မာနိုင်ငံအရပ်ရပ်တွင် ရွာသွန်းခဲ့ပြီးဖြစ်သော မိုးရွာသွန်းမှုအခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း (မုံရွာမြို့)၊ စာမျက်နှာ ၉ ကော်လံ ၂ *

မှတ်သားဖွယ် မိုးရေချိန် ၂-၅-၂၀၁၁

နေပြည်တော်(သပြေကုန်း)	၀ ဒသမ	၈၇ လက်မ
နေပြည်တော်(ပျဉ်းမနား)	၀ ဒသမ	၈၇ လက်မ
နေပြည်တော်(ရေဆင်း)	၀ ဒသမ	၇၉ လက်မ
ဖန်းမော်မြို့	၃ ဒသမ	၇၈ လက်မ
ကသာမြို့	၂ ဒသမ	၃၆ လက်မ

3-5 (20).pmd 1 5/3/2011, 3:49 AM